ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့ (21-2-2013) (၇၄၀၃)


## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒေသဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့်အတူ ဒေသခံပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးနှင့် အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘောလခဲမြို့နယ် ရွာသစ်-စွပ်ပိုင်လမ်းပေါ်ရှိ ပွန်ချောင်းတံတား(ဘောလခဲ)တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသော ပင်မရေသွယ်ဥမင်လိုဏ်အတွင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရေထိန်းကန်အထွက် (ဖိအားမြင့်ပိုက်လိုင်းအဝင်)မှနေ၍ ဓာတ်အားပေးစက်ရုံ(Power House)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)မှ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး အချက်(၅)ချက်ပါ ပူးတွဲကြေညာချက်အား ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ဦးစီး(၁၁)ဦး၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)မှ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါက်တာလဂျာအပါအဝင် အဖွဲ့ဝင် (၁၂)ဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အချက်(၅)ချက်ပါ ပူးတွဲကြေညာချက်အား နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**

## ပျောက်ဆုံးနေသော မြန်မာသင်္ဘောသားများကို ရှာဖွေနေ ရရှိသည့်အကျိုးခံစားခွင့်များကို ကူညီဆောင်ရွက်ပေးသွားမည်

**အမေးအဖြေ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး**

ယခုရက်ပိုင်း၌ ပြည်သူများစိတ်ဝင်စားနေသည့် သတင်းမှာ မြန်မာသင်္ဘောသားများ လိုက်ပါသွားသည့် ကုန်တင်သင်္ဘောတစ်စင်း ဖိလစ်ပိုင်နိုင်ငံ ပန်ဂါစီနန်ပြည်နယ် ကမ်းလွန်၌ နစ်မြုပ်ခဲ့သည့် သတင်းဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများတွင်လည်း ပျောက်ဆုံးနေသော သင်္ဘောသားများ၊ ကယ်ဆယ်ရရှိသော သင်္ဘောသားများနှင့် သေဆုံးသော သင်္ဘောသားတစ်ဦးတို့၏ အမည်များကို ဖော်ပြခဲ့ပြီး ဖြစ်သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်သည့် နောက်ဆက်တွဲအဖြစ်အပျက်နှင့် ဆောင်ရွက်နေမှုများကို သတင်းစာအဖွဲ့က မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်ကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

မေး။ သင်္ဘောနစ်မြုပ်မှုမှာ ပါဝင်သွားတဲ့ မြန်မာသင်္ဘောသားတွေရဲ့ နောက်ဆုံးအခြေအနေကို ရှင်းပြပေးလိုပါတယ်။

ဖြေ။ ပျောက်ဆုံးနေတဲ့ သင်္ဘောသားတွေကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ရေယာဉ်တွေက လိုက်လံရှာဖွေနေပါတယ်။ ကယ်ဆယ်ရရှိထားတဲ့ သင်္ဘောသားကိုးဦးကိုတော့ ပထမကယ်ဆယ်ရေးစခန်းမှာထားရှိပြီး အခုအချိန်မှာတော့ GND OF THE ROAD INN ဟိုတယ်မှာ ပြောင်းရွှေ့ထားပါတယ်။ ဒဏ်ရာရရှိတဲ့ မြန်မာသင်္ဘောသားနှစ်ဦးကိုလည်း ဆေးရုံမှာ လိုအပ်တဲ့ဆေးစစ်မှုနဲ့ ဓာတ်မှန်ရိုက်မှုတွေ ပြုလုပ်ပြီးပါပြီ၊ သူတို့ နှစ်ဦးရဲ့ ကျန်းမာရေးအခြေအနေက ပုံမှန်အတိုင်း ကောင်းမွန်နေပါတယ်လို့ သိရပါတယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**




တစ္ဆာခကျော် အဆင်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်၊

အလှပြင်ဆိုင်နဲ့ အလှပြင်သင်တန်းဖွင့်ထားတဲ့ ကျွန်မဟာ နေ့စဉ်နေ့တိုင်း မိတ်ကပ်နဲ့မျက်နှာ ကင်းကွာလို့မရခဲ့တာကြောင့် ကျွန်မမျက်နှာအသားအရေတွေမှာ ကွက်ပြီး ဖြူလိုက်ညိုလိုက် ဖြစ်လာပါတော့တယ်။ နိုင်ငံခြားဖြစ်မိတ်ကပ်တွေ တစ်မျိုးပြီးတစ်မျိုးပြောင်းပြီး လိမ်းကြည့်ခဲ့ပေမယ့်လည်း သက်သာလာခြင်းမရှိခဲ့ပါဘူး။ ...

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ကြေးမုံစာတည်းရှုထောင့် ၂၁-၂-၂၀၁၃၊ ကြာသပတေးနေ့

# စပွန်ဆာဟူသည်. . .

၂၁ ရာစုသည် အိုင်တီနည်းပညာထွန်းကားသော ခေတ်ဖြစ်သည်။ နည်းပညာ၏ လှည့်စားမှုအောက်တွင် တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် အသစ်အသစ်ထွင်ကြ၏၊ ဝယ်ယူကြ၏၊ သုံးစွဲကြ၏။ ဆိုရလျှင် နည်းပညာ၏ အကျိုးကျေးဇူးကြောင့် လူ့အသုံးအဆောင်ပစ္စည်းများ ခေတ်မီဆန်းပြားစွာ ပေါ်ထွက်လာ၏။ လိုချင်စရာ ဝယ်ချင်စရာများတွင် ယစ်မူးကြသူသာများပါသည်။

ဤသို့ဖြင့် လူတို့သည် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို စွဲမက်တမ်းတလာကြသည်။ ဝယ်ယူသုံးစွဲနိုင်ရန် အမျိုးမျိုးကြံဆလာကြသည်။ အချို့ တိုင်းပြည်များတွင် မိမိတို့ခန္ဓာကိုယ်အတွင်းမှ ကလီစာများကို ခွဲစိတ်ဖြတ်တောက် ရောင်းချကာ ဝယ်ယူသုံးစွဲကြသည်အထိ သတင်းများ ကြားနေရ၏။

၂၁ ရာစုတွင် တွင်ကျယ်လာသော စကားရပ်တစ်ခုရှိသည်။ ယင်းမှာ “စပွန်ဆာ”ဆိုသည့် စကားရပ်ပင်ဖြစ်သည်။ အချို့လူမှုသုတေသီတချို့က စပွန်ဆာ(Sponsor)ခေတ်ဟုပင် ကင်ပွန်းတပ်ကြသည်။ စပွန်ဆာ(Sponsor) ဆိုသည်မှာ အာမခံသည်။ အာမခံသူဟု အဓိပ္ပာယ်ရသည်။ စီးပွားလူမှုနယ်ပယ်တွင် ကူညီထောက်ပံ့ပေးသူအဖြစ် အသိများပါသည်။ စင်စစ် စပွန်ဆာသည် ပညာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် လိုအပ်သော အကူအပံ့တစ်မျိုးဖြစ်ပါသည်။ ယင်းသို့သော ပံ့ပိုးကူညီမှုများကြောင့် ပညာရေးနယ်ပယ်တွင် ပညာသင်ဆုများရရှိခြင်း၊ ပညာသင်စရိတ်ထောက်ပံ့မှုများရရှိခြင်း စသည့် အကျိုးတရားများစွာ ဖြစ်ထွန်း၏။ လူမှုရေးနယ်ပယ်တွင်လည်း ဆင်းရဲနွမ်းပါးမှု လျှော့ချရာတွင်လည်းကောင်း၊ သဘာဝဘေးဒုက္ခခံစားနေရသူများ၊ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် အကူအညီပေးမှုများတွင် များစွာအထောက်အပံ့ဖြစ်၏။ ဆိုရလျှင် စပွန်ဆာပေးခြင်းသည် လုပ်ငန်းကဏ္ဍမျိုးစုံတွင် ထိပ်တန်းမှ ပါဝင်နေသည်ကို တွေ့ရ၏။

စပွန်ဆာပေးခြင်းသည် ကူညီပံ့ပိုးထောက်မခြင်းတစ်မျိုးဖြစ်၍ မွန်မြတ်သော အလှူဒါနတစ်မျိုးလည်းဖြစ်ပါသည်။ မိမိ ကူညီဖြည့်ဆည်းလိုက်ရ၍ တစ်ဖက်တွင် အဆင်ပြေချောမွေ့သွားခြင်း၊ အောင်မြင်မှု တစ်စုံတစ်ရာရရှိသွားခြင်း၊ လူမှုဒုက္ခများမှ ပြေလျော့သွားခြင်းစသည်တို့သည် လူသာစု၊ နတ်သာစု ခေါ်နိုင်မည့် အမှုကိစ္စများပင်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် စပွန်ဆာပေးခြင်း၏ မွန်မြတ်မှုကို အရောင်ဆိုးနေကြသူများရှိ၏။ ငွေကြေးကြွယ်ဝချမ်းသာမှုကို အကြောင်းပြု၍ စပွန်ဆာကို မျက်လှည့်ပြကြ၏။ ငွေကြေးချို့တဲ့သူ၊ အားနည်းသူတို့အတွက် စပွန်ဆာသည် မက်လုံးတစ်ခုပမာ ဖြစ်နေ၏။

ယနေ့ခေတ် လူငယ်လူရွယ် ယောကျ်ားလေး၊ မိန်းကလေးအားလုံးတို့သည် အိုင်တီခေတ်၏ ဖွားဖက်တော်များ ဖြစ်ကြသည်။ အိုင်တီနည်းပညာများထဲတွင် စီးမျောနေကြ၏။ ကွန်ပျူတာ၊ အင်တာနက်ဖြင့် နပန်းလုံးနေကြ၏။ ယင်းတို့လက်ထဲတွင်လည်း ခေတ်ပေါ် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံရှိ၏။ မျိုးစုံကိုင်နိုင်ကြ၏။

စင်စစ် လူ၏တန်ဖိုးကိုဖြတ်သောအရာသည် ငွေကြေးဥစ္စာမဟုတ်။ ကိုယ်ကျင့် တရားပင်ဖြစ်သည်။ လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ရှိန်ဩဇာမရွေး ဖြောင့်မတ်မှန်ကန်၍ တည်ကြည်သော စိတ်ကောင်းနှလုံးကောင်းရှိရေးသည် အဓိကဖြစ်ပါသည်။ မိမိတို့၏ ကိုယ်ကျင့်တရား ကိုယ်ကျင့်သိက္ခာကို အသပြာငွေကြေးဖြင့် အလဲအထပ်ပြုရန် မလျော်ကန်ပေ။ တဒင်္ဂသာယာကြည်နူးမှုအတွက် တစ်ဘဝစာရင်းနှီးမြှုပ်နှံရန် မထိုက်တန်။

လူတို့သည် သင့်တင့်လျောက်ပတ်သည့်အရပ်၌သာ နေရ၏။ မှန်ကန်သော စကားကိုသာ ဆိုရ၏။ ထိုက်တန်သော ဝတ်စားမှုကိုသာ ပြုရ၏။ မသင့်သော အရပ်ဒေသ၌ နေခြင်း၊ မလျော်ဩဇာသုံး၍ မမှန်မကန်ပြုမူပြောဆိုခြင်း၊ မထိုက်သည့် ဝတ်စားဆင်ယင်မှုကို မက်မောတမ်းတနေခြင်းသည် တံလျှပ်ကို ရေထင်နေသူကဲ့သို့ပင် ရှိ၏။

ယနေ့ခေတ်သည် စပွန်ဆာခေတ်ဖြစ်နေ၍ မိဘများသည်ပင် ခေတ်မီလွန်းနေသည်ကို တွေ့ရသည်မှာ အံ့အားသင့်မိပါသည်။ သားသမီးများအား လိမ္မာရေးခြားရှိရန်၊ ကိုယ်ကျင့်တရားမြင့်မားရန် ထိန်းသိမ်းလမ်းညွှန်ရမည့် မိဘကိုယ်တိုင်ကပင် မိမိတို့၏ ရင်နှစ်သည်းချာများအား ဆိုဆုံးမပြုရမည့်အစား လမ်းလွဲသို့ ညွှန်ပြနေသည်မှာ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် သွေဖည်နေသည်ကို သတိချပ်သင့်လှပေသည်။ ။

## ငါးသိုင်းချောင်း၌ မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲနှင့် စာကြည့်တိုက် လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ ဓမ္မနာဒဝေဠုဝန်ရိပ်သာ စိန်ရတုဓမ္မသာလာခန်းမဆောင်၌ အသုတ်မြို့ လောကမောင်စာကြည့်တိုက်အတွက် စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဝင်းထံ ဘာသာရေးဆိုင်ရာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။**

ယင်းမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ငါးသိုင်းချောင်းမြို့ မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည့် ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး၍ ဒေသမီးဘေးလုံခြုံရေးအတွက် အမြဲအသင့်ဖြစ်ရေး လိုအပ်သည်များကို မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) မိသားစုက လှူဒါန်းသည့် စိန်ရတုစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်ကို ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းပင်မကျောင်းဆောင်အတွက် အမိုးသွပ်များနှင့် စိန်ရတုစာကြည့်တိုက် လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ငါးသိုင်းချောင်းဇာတိ အလှူရှင်နှစ်ဦး၏ လှူဒါန်းမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ၏ ပညာရေး တိုးတက်မြင့်မားရေးအတွက် နည်းပေးလမ်းပြသင်ကြားပေးရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများနှင့်အညီ လိုက်နာရန်လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား စည်းကမ်းရှိသော လူတော် လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း မိဘ ဆရာသမားများ၏ သွန်သင်ဆုံးမမှုကို လေးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၏ အရေးပါမှုနှင့် ခေတ်ပြောင်း စနစ်ပြောင်းကာလတွင် အရာရာကို သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း စသဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၏ဇနီး ဒေါ်ရီရီက စိန်ရတုစာကြည့်တိုက် လှူဒါန်းမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပညာရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲနေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး စာကြည့်တိုက်အလှူရှင်နှင့် အမိုးသွပ်အလှူရှင်တို့က လှူဒါန်းမှုဆိုင်ရာများကို ကျောင်းအုပ်ကြီးထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စာစောင်များကို ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က လည်းကောင်း၊ ပညာရေးပဒေသာပင် အလှူငွေကို ဒုတိယဝန်ကြီး ဦးစိုးဝင်းက လည်းကောင်း ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြကာ ဒေသခံ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗလငါး တန်ဖွံ့ဖြိုး ဖို့စာ အုပ်စာ ပေလေ့ လာစို့




## မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

(၆၂)ကြိမ်မြောက် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့(မျက်နှာစုံညီ) အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယက ဩဝါဒစကားမြွက်ကြားပြီး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်များက တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးကို အမျိုးသားဇာတ်ရုံ၌ မတ် ၁ ရက်အထိ (ရုံးပိတ်ရက်များမပါ) ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**








# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကနေဒါ ပါလီမန်အတွင်းဝန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကနေဒါ ပါလီမန်အတွင်းဝန် H.E. Mr. Deepak Obhrai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးညွန့်တင်၊ ဦးဆိုင်ပေါင်းနပ်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါ်နန်းနီနီအေးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပါတီပေါင်းစုံ၊ ကိုးကွယ်သည့်ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် လွှတ်တော်နှစ်ရပ် ဖွဲ့စည်းထားရှိမှု၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများ ကျင်းပဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်တို့အကြား ဆက်ဆံရေး ကဏ္ဍ တိုးမြှင့်ဖော်ဆောင်၍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အပြန်အလှန် လေ့လာရေးခရီးစေလွှတ်ရေး၊ မြန်မာနိုင်ငံလွှတ်တော်စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး၊ လွှတ်တော်ဝန်ထမ်းများအား ကနေဒါနိုင်ငံ၏ ရင့်ကျက်သော လွှတ်တော်အတွေ့အကြုံများကို သင်တန်းပေးရေးနှင့် တစ်နိုင်ငံလုံးတွင် ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်နိုင်ရေးအတွက် ပျိုးထောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဗြိတိန်နိုင်ငံ၏အစိုးရအဖွဲ့ရုံး ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး Rt. Hon Francis Maude အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး Rt. Hon Francis Maude ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာမြဦး၊ ဒေါက်တာမြင့်ကြည်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါ်ခင်ဝိုင်းကြည်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် မြန်မာလွှတ်တော်များပေါ်ပေါက်လာမှုအခြေအနေ၊ မြန်မာလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား စွမ်းရည်မြှင့်တင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အပြန်အလှန် လေ့လာရေးခရီးစေလွှတ်ရေး၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာလွှတ်တော် စာကြည့်တိုက်အတွက် အကူအညီပေးရေး၊ မြန်မာလွှတ်တော်စာကြည့်တိုက်နှင့် ဗြိတိန်လွှတ်တော်စာကြည့်တိုက်တို့အကြား Network ချိတ်ဆက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမင်းလွင်က ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းလွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဒီလီမြို့၌ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တော် မာတန် ရောက်ခ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖင်လန်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးစိုးနွယ်က ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဟယ်လ်စင်ကီမြို့၌ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီ ဗွိနမို နီနီစတိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးစိုးနွယ်အား ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး သီရိပျံ့ချီဦးထွန်းနေလင်းအား ချီလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**





သွေးသည် အသက်



## စင်ကာပူနှင့် မလေးရှား မြန်နှုန်းမြင့် ရထားလမ်း ဖောက်လုပ်မည်

**စင်ကာပူ ဖေဖော်ဝါရီ ၂၀**

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား မြန်နှုန်းမြင့် ရထားများ ခုတ်မောင်းမည့် ရထားလမ်း ဖောက်လုပ်မည့် အစီအစဉ်ကို ကြေညာခဲ့ကြောင်း၊ ယင်းလမ်းကို ၂၀၂၀ပြည့်နှစ်တွင် ပြီးစီးရန် မျှော်မှန်းထားကြောင်း တနင်္လာနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ယင်းသို့ ဆက်သွယ်မှုကြောင့် စင်ကာပူနှင့် မလေးရှားမြို့တော် ကွာလာလမ်ပူအကြား ခရီးသွားကြာမြင့်သည့်အချိန်ကာလကို မိနစ် ၉၀ လျှော့ချနိုင်မည်ဖြစ်သည်။ ယင်းအပြင် နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုနှင့် ကုန်သွယ်မှု တိုးတက်လာမည်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားကြသည်။

ပုဂ္ဂလိကကုမ္ပဏီများ တည်ဆောက်မည့် ယင်းစီမံကိန်းအတွက် ကုန်ကျမည့်စရိတ်ကို ဖော်ပြမထားပေ။ ပူးတွဲကော်မတီက အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်တို့ စင်ကာပူ၌ တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းစီမံကိန်းပေါ်ထွက်လာခြင်းဖြစ်သည်။ **ဘီဘီစီ။**



ရုရှားသမ္မတ ဗလာဒီမာပူတင် ခရူဇာစစ်သင်္ဘောတစ်စင်းပေါ်သို့ အလည်အပတ်ရောက်ရှိသည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

## ဆီးရီးယားနိုင်ငံအနီးသို့ ရုရှားသင်္ဘောများ စေလွှတ်

မော်စကို ဖေဖော်ဝါရီ ၂၀

**ဆီးရီးယားနိုင်ငံအနီး ရေပြင်သို့ ရုရှားကမ်းတက်စစ်ရေယာဉ်လေးစင်းကို စေလွှတ်လိုက်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက နိုဗိုစတီသတင်းဌာနသို့ ဖေဖော်ဝါရီ ၂၀ရက်တွင် ပြောကြားသည်။**

ဆီးရီးယားနိုင်ငံအနီး ရေပြင်သို့ ရုရှားစစ်ရေယာဉ်များ သွားရောက်မှုသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်းရုရှားရေတပ်၏ အကြီးဆုံး စစ်ရေးလေ့ကျင့်မှု ပြုလုပ်ပြီးချိန်နောက်ပိုင်း ရက်သတ္တသုံးပတ်အကြာတွင်ဖြစ်သည်။ပင်လယ်နက်နှင့် မြေထဲပင်လယ်တွင် ဇန်နဝါရီ ၁၉ရက်မှ ၂၉ ရက်အထိ ရုရှားရေတပ်က စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း၊ မြေထဲပင်လယ်တွင် ရုရှားစစ်သင်္ဘောများက တိုက်ခိုက်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်သွားရန် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဆုံးဖြတ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားရေပြင်အနီးသို့ ရုရှား စစ်သင်္ဘောများကို စေလွှတ်ခြင်းသည် လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေနှင့်အညီ တုံ့ပြန်နိုင်ရန်ဖြစ်ကြောင်း၊ အနာဂတ်တွင်လည်း စစ်သင်္ဘောများ၊ ထပ်မံစေလွှတ်ဦးမည်ဖြစ်ကြောင်း၊ရုရှားနိုင်ငံသည်ဆီးရီးယားသမ္မတအာဆတ်၏ မဟာမိတ်ဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံနှင့် မဟာဗျူဟာအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း အကျိုးစီးပွားများရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**



## ပါကစ္စတန်ရှိ ဂဝါဒါပင်လယ်ဆိပ်ကမ်း၏ စီမံခန့်ခွဲရေးလုပ်ငန်းကို တရုတ်နိုင်ငံလွှဲယူ

**ကရာချိ ဖေဖော်ဝါရီ ၂၀**

ပါကစ္စတန်နိုင်ငံရှိ ဂဝါဒါပင်လယ်ဆိပ်ကမ်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို တရုတ်နိုင်ငံက လွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

အာရေဗျပင်လယ်သို့ ဝင်ထွက်နိုင်သော ဂဝါဒါပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရန်ပုံငွေ ဒေါ်လာ၂၄၈သန်းအကုန်အကျခံကာ အကောင်အထည်ဖော်ခဲ့ရာတွင် တရုတ်နိုင်ငံက ကုန်ကျစရိတ်၏ ၈၀ရာခိုင်နှုန်းကျော်ကို ကျခံခဲ့သည်။

**အသုံးပြုနိုင်**

ပင်လယ်ကွေ့နိုင်ငံများနှင့် ကုန်သွယ်ရေးဆက်ဆံမှုများ ပြုလုပ်ရာတွင် တရုတ်နိုင်ငံ အနောက်ပိုင်းဒေသကို ပါကစ္စတန်နိုင်ငံမှတစ်ဆင့် ချိတ်ဆက်ပေးနိုင်မည့် ပင်လယ်ဆိပ်ကမ်းအဖြစ် ဂဝါဒါပင်လယ်ဆိပ်ကမ်းကို အသုံးပြုနိုင်မည်ဖြစ်သည်။

ဂဝါဒါပင်လယ်ဆိပ်ကမ်းကို တရုတ်နိုင်ငံက ထိန်းချုပ်ခြင်းသည် မိမိတို့အတွက် စိုးရိမ်စရာကိစ္စရပ်တစ်ခုဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်ထော်နီက ဖေဖော်ဝါရီ ၆ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အိမ်နီးချင်းနိုင်ငံများ၌ တရုတ်ကုမ္ပဏီများက မဟာဗျူဟာအရအရေးပါသော ပင်လယ်ဆိပ်ကမ်းအများအပြားကို တည်ဆောက်နေခြင်းနှင့်ပတ်သက်၍ အိန္ဒိယမူဝါဒရေးဆွဲသူများက စိုးရိမ်ပူပန်လျက်ရှိသည်။ **ရိုက်တာ။**



## ယူရယ်လ်တောင်တန်းတွင် ဥက္ကာပျံအပိုင်းအစများ တွေ့ရှိ

**မော်စကို ဖေဖော်ဝါရီ ၂၀**

ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်းဒေသသို့ ဥက္ကာပျံတစ်ခု သောကြာနေ့က ကြွေကျခဲ့ရာ ၎င်း၏ အပိုင်းအစများကို တွေ့ရှိကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။ **(ဓာတ်ပုံ)**

ဥက္ကာပျံကျရောက်ခဲ့သည်ဟုယူဆရသော ချဲယာဘင့်ဒေသ ချဲဘာကူမြို့အနီး ရေခဲနေသည့် ကန်အနီးအနားမှ ယင်းအပိုင်းအစများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယူရယ်လ်ဖက်ဒရယ်တက္ကသိုလ်မှ ဗစ်တာဂရိုဗိုဗတ်စ်စကီးက ဥက္ကာပျံ အပိုင်းအစများတွင် သံ ၁၀ရာခိုင်နှုန်းပါဝင်ကြောင်း ရုရှားမီဒီယာများကို ပြောကြားခဲ့သည်။

**အစိတ်စိတ်ပြိုကွဲ**

ယင်းဥက္ကာပျံသည် ကမ္ဘာ့လေထုအတွင်း မရောက်မီအလေးချိန် ၁၀တန်ရှိသည်ဟု ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။ လေထုအတွင်း တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀ နှုန်းဖြင့် ပျံသန်းလာပြီး ကမ္ဘာမြေပြင်အထက် မိုင်၂၀မှ ၃၀အကွာ၌ အစိတ်စိတ်ပြိုကွဲသွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နာဆာကမူ ယင်းဥက္ကာပျံသည် ၅၅ပေကျယ်၍ ကမ္ဘာ့လေထုအတွင်း မရောက်မီ တန်၁၀၀၀၀လေးသည်ဟု ဆိုသည်။ **ဘီဘီစီ။**




UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့

| | | |
|---|---|---|
| တောင်ကြီး၊ အင်းလေး | Feb 25/Mar 1,23 | (185,000) |
| ပုဂံ(စွယ်တော်ဖလားဆူ) ပုပ္ပါး မှ ... | Feb 23/Mar 1,23 | (175,000) |
| ပုဂံ+မန္တလေး... | Feb 23/Mar 1,23 | (175,000) |
| ပုဂံ+ရွှေစက်တော် | Feb 23/ Mar 1,23 | (175,000) |
| အလောင်းတော်ကဿပ | Feb 23/Mar 1,23 | (195,000) |
| ငွေဆောင် HOTEL MAX | Mar 24 | (75,000) |
| ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး (12,000) | | |

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရုရှားနိုင်ငံ အထက်လွှတ်တော် ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီဥက္ကဋ္ဌ တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Viktor A. OZEROV သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တပ်မတော်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၁-၂-၂၀၁၃ (ကြာသပတေးနေ့)**

| | | | |
|---|---|---|---|
| ၇း၀၃ | တရားတော် | | -အာကာသသူရဲကောင်းလေးများ(အပိုင်း-၇၈) |
| ၇း၅၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၂၈) |
| ၄း၁၅ | ဇာတ်လမ်းတို | | -ဘယ်သူကိုယ့်လောက်သိလဲ |
| ၄း၂၅ | ဗွီစီဒီကျော်ကြားတေး | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်ချိန်" (အပိုင်း-၁၂) |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၈၄) | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" (အပိုင်း-၆၉) |
| ၆း၁၅ | ထူးဆန်းထွေလာ မျက်လှည့်ပညာ | | |
| ၆း၃၅ | ကာတွန်းအစီအစဉ် | | |

# မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့်သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူတို့မှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံတွင် ယခင်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိအခြေအနေအရ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုအပ်မှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းမဆောင်ရွက်မီ ယခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်အကြာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက်များခန့်ထား၍ သင်တန်းပေးဆောင်ရွက်မည့်အစီအစဉ်နှင့်ကောက်ယူမည့်နည်းလမ်း၊ အစုအဖွဲ့အလိုက် စုစည်းနေထိုင်သည့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဟိုတယ်များ၊ သင်တန်းကျောင်းများ၊ ဘာသာရေးနှင့်လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၌ သန်းခေါင်စာရင်းကောက်ယူမည့်အခြေအနေနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များ၊ မေးခွန်းပုံစံများနှင့်ကောက်ယူရမည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် သာသနာရေးဦးစီးဌာနနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများဆိုင်ရာ သိရှိလိုသည်များ၊ ကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို မေးမြန်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မွန်ပြည်နယ်အတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို





**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး တရားသူကြီးများနှင့် တရားရေးအရာရှိများသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ကျမ်းသစ္စာဆိုမည့် တရားသူကြီး ၂၆ ဦးနှင့် တရားရေးအရာရှိလေးဦးတို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံနှင့် မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀ - ၂ - ၂၀၁၃

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၆၀. ၀၀၀ | ၀. ၀၀၁၁၆ |
| ထိုင်း (ဘတ်) | ၂၉. ၈၁၈၀ | ၀. ၀၃၃၅၄ |
| တရုတ် (ယွမ်) | ၆. ၂၃၈၀၀ | ၀. ၁၆၀၃၁ |
| အိန္ဒိယ(ရူပီး) | ၅၄. ၁၅၈၁ | ၀. ၀၁၈၄၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၉၅၀၀ | ၀. ၃၂၃၁၀ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၃၅၅၇ | ၀. ၈၀၉၃၄ |
| ဂျပန် (ယန်း) | ၉၃. ၃၈၁၃ | ၀. ၀၁၀၇၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၇၉. ၄၁ | ၀. ၀၀၀၉၃ |
| ယူရို | ၀. ၇၄၅၅၄ | ၁. ၃၄၁၃၀ |

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

ဗန်ကောက် (၅.၅ သိန်း) / ဖူးခက် ၈.၅ သိန်း ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို) ၃၅ သိန်း
ဗန်ကောက် + စင်ကာပူ + မလေးရှား ၁၂ သိန်း ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) ၁၇ သိန်း
စင်ကာပူ + မလေးရှား ( ၇ ညအိပ် – ၈ ရက် ) ၁၀.၅ သိန်း ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) ၂၅ သိန်း
ပီနန်+လန်ကာဝီ+Genting Highlands+KUL ၁၀.၅ သိန်း ဩစတြေးလျ (ဆစ်ဒနီ၊ မဲလ်ဘုန်း၊ ဂိုးလ်ကိုစ့်၊ ဘရစ်စဘိန်း) ၃၅ သိန်း
ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား ၁၅ သိန်း ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....) ၃၉ သိန်း
ကမ္ဘောဒီးယား (၅.၈ သိန်း) / ဆက်၍ ဗီယက်နမ် ၁၀.၅ သိန်း နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise) ၄၀ သိန်း
သီရိလင်္ကာ (၁၁ သိန်း) / တိဗက် ၁၄ သိန်း အင်္ဂလန်၊ စကော့တလန် (ဂလပ်စကို) ၄၀ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို ၁၃ သိန်း အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+
ပီကင်း+ရှန်ဟိုင်း (၁၃.၅ သိန်း) / ဆက်၍ စီအမ် (တယောက်တည်းကုန်ကျ) ၁၆ သိန်း နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall+ဟာဗိုင်ရီ) ၆၀ သိန်း
မုဒ္ဒဂယာ (၇ညအိပ်–၈ရက်) ၇.၅ သိန်း / ဟိုတည် တည်း–စား ၁၂ သိန်း တောင်အာဖရိက (ကိပ်တောင်း၊ ဂျိုဟန်နက်စဘတ်) ၄၃ သိန်း

သကြိန်တွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန် ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
Email:outboundgandawun@gmail.com, web: myanmartravel.org



ဆောင်းပါး

# အားကစား နှင့် နိုင်ငံ့ဂုဏ်ဆောင်ကြစို့

## မောင် မောင် မိုး အောင်

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်နေ့အထိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပပေတော့မည်။

၁၉၅၈ ခုနှစ်၊ တတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပနေစဉ် မေလ ၂၂ ရက်နေ့တွင် ပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများ ဖြစ်ကြသည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနိုင်ငံများမှ အားကစားအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံလျက် အရှေ့တောင်အာရှကျွန်းဆွယ်ဒေသရှိ လူငယ်များ၏ အားကစား ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးပါဝင်ယှဉ်ပြိုင်ကြသော အိုလံပစ်ပြိုင်ပွဲကြီးနှင့် အာရှတိုက်အတွင်းရှိ အာရှနိုင်ငံအသီးသီး ပါဝင်ယှဉ်ပြိုင်ကြသော အာရှအားကစားပြိုင်ပွဲကြီးများ ကျင်းပနေလင့်ကစား အဆိုပါပြိုင်ပွဲကြီးများတွင် အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများအနေဖြင့် အဆင့်အတန်းရှိစွာ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါပြိုင်ပွဲကြီးများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ဒေသဆိုင်ရာပြိုင်ပွဲမျိုးကို ကျွန်းဆွယ်နိုင်ငံအချင်းချင်း ဦးစွာပထမ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးချက်များအရ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို (၄)နှစ်တစ်ကြိမ် ကျင်းပသော အိုလံပစ်နှင့် အာရှအာကစားပြိုင်ပွဲကြီးကျင်းပသည့် နှစ်များနှင့် လွတ်ကင်းသည့်နှစ်များ၌ နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသွားရန် သဘောတူညီခဲ့ကြပါသည်။

အဆိုပါ သဘောတူညီချက်များအရ ပထမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးကို ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများဖြစ်သည့် (မြန်မာ၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ)တို့ ပါဝင်လျက် "အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ" South East Asia Penisular Games ( Seap Games ) အမည်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြတော့သည်။

ပြိုင်ပွဲကြီးတွင် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ဆက်သွယ်ထားသော အားကစားနည်းများကိုသာ ထည့်သွင်းကျင်းပခဲ့ကြသည်။

ဒုတိယအကြိမ်ပြိုင်ပွဲအား မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ အားကစားနည်း(၁၃)နည်းအတွက် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ အားကစားသမားပေါင်း ၈၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါဝင်ခဲ့သော အားကစားနည်းများမှာ ရွက်လှေ၊ ဘတ်စကတ်ဘော၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ လက်ဝှေ့၊ စက်ဘီး၊ စားပွဲတင် တင်းနစ်၊ သေနတ်ပစ်၊ ရေကူး၊ အလေးမ၊ ဘော်လီဘောနှင့် ဘောလုံးအားကစားနည်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် အုပ်ချုပ်နည်းပြ အားကစားသမားအပါအဝင် စုစုပေါင်း ၁၁၇ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ရွှေ ၃၅၊ ငွေ ၂၅ နှင့် ကြေးတံဆိပ် ၂၂ ခု ရရှိခဲ့ကာ အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပါသည်။ ပြိုင်ပွဲကြီးတွင် ရွက်လှေအားကစားနည်းကိုလည်း ပထမဆုံး ထည့်သွင်းကျင်းပခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ကမ္ဘောဒီးယား (ကမ်းပူးချား) ဖနွမ်းပင်မြို့တွင် ကျင်းပရမည်ဖြစ်သော်လည်း ၁၉၆၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သော "နိုင်ငံတကာ အားကစားအဖွဲ့ချုပ်" က တရားမဝင်သတ်မှတ်ထားသည့် "The Game of New Emerging" ခေါ် ထွန်းသစ်စနိုင်ငံများအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် "SEAP Games" ကျင်းပခွင့်ကို ပိတ်ပင်ခြင်းခံခဲ့ရသည်။

၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ အားကစားနည်း ၁၅ မျိုးထည့်သွင်းကျင်းပခဲ့ပြီး ကျွမ်းဘားနှင့်ဂျူဒိုပြိုင်ပွဲများကို တိုးချဲ့ထည့်သွင်းခဲ့ပါသည်။ မြန်မာနိုင်ငံမှ အားကစားနည်းအားလုံး ပါဝင်ယှဉ်ပြိုင်ပြီး အားကစားသမားအုပ်ချုပ်နည်းပြအပါအဝင် အမျိုးသား ၂၄၀ နှင့် အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၃၀၆ ဦး ပါဝင်ခဲ့ကြသည်။ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသောကြောင့် ပြိုင်ပွဲဝင်ဦးရေများသည့်အလျောက် ရွှေ ၅၇ ၊ ငွေ ၄၇ နှင့်၊ ကြေးတံဆိပ် ၄၃ ခု ဆွတ်ခူးရရှိပြီး ထိပ်ဆုံးနေရာမှာ ရပ်တည်နိုင်ခဲ့သည်။

ယှဉ်ပြိုင်ခဲ့သော နိုင်ငံများမှာ အိမ်ရှင် မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့် လာအိုနိုင်ငံတို့ ဖြစ်ကြသည်။

အဋ္ဌမအကြိမ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းလေးနိုင်ငံသာ ပါဝင်ခဲ့သည်။ အဆိုပါပြိုင်ပွဲကျင်းပနေစဉ်ကာလတွင် ကျွန်းဆွယ်နိုင်ငံများနှင့် နီးစပ်ရာအိမ်နီးချင်းနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း စသည့်နိုင်ငံများ ပါဝင်လာနိုင်ရေးနှင့် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားနိုင်ရန် ကျွန်းဆွယ်အားကစားအဖွဲ့ချုပ် ကောင်စီအစည်းအဝေး၌ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းချက်များအား လက်ခံသဘောတူပြီး ပြိုင်ပွဲအားအရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲမှ "အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ-South East Asia Games" ဟူ၍ ခေါ်ဆိုရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့ကြောင့် နဝမအကြိမ်မြောက်ပြိုင်ပွဲကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖြစ် ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၆ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် မလေးရှားနိုင်ငံတို့ပါဝင်ပြီး အားကစားနည်း ၁၈ မျိုး၌ စုစုပေါင်း အားကစားသမား ၁၉၅၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများဖြစ်မြောက်ရေးအတွက် စတင်မျိုးစေ့ချပေးနိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ အရှေ့တောင်အာရှဒေသ၏ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် လည်းကောင်း ပထမဆုံးအကြိမ်ကျင်းပခဲ့သည့် ပြိုင်ပွဲမှ နောက်ဆုံးကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက်ပြိုင်ပွဲအထိ အစဉ်အလာမပြတ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ပါဝင်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများလည်း အတော်အသင့်ရရှိပြီး မိမိတိုင်းပြည်၊ မိမိပရိသတ်ရှေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်နှင့်ပဉ္စမအကြိမ်မြောက် South East Asia Penisular Games (Seap Games) များတွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ယခု မြန်မာ့မြေပေါ် မြန်မာပရိသတ်ရှေ့တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆင့်မြင့်နေရာ ရပ်တည်နိုင်ရေးအတွက် အားကစားပြိုင်ပွဲကို အမျိုးသားရေးအသွင်သဏ္ဍာန်ဖြင့် တာဝန်နှင့်ဝတ္တရား ကျေပွန်စွာဖြင့် ရွှေတံဆိပ်များများ ဆွတ်ခူးနိုင်ရေးသည် အဓိကအခန်းကဏ္ဍဖြစ်လာခဲ့ပါသည်။ "စည်းကမ်းရှိရှိ၊ နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်၊ လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့" ဟူသော ဆောင်ပုဒ်နှင့် "လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်မြင်" ဆိုသော အားကစားဝန်ကြီးဌာန၏ ဆောင်ပုဒ်များသည်လည်း စိတ်အားတက်ဖွယ်ရာ ပေါ်ထွက်လာခဲ့ပါသည်။

အားကစားအောင်မြင်ရန်အတွက် အားကစားသမား၊ နည်းပြဆရာ၊ အုပ်ချုပ်သူနှင့်ပံ့ပိုးကူညီသူများဟူသော ဒေါက်လေးဒေါက်သည် ဟန်ချက်ညီညီရှိပါက ထိပ်တန်းအဆင့် အားကစားအောင်မြင်မှု "Excellence Sports" ဖြစ်လာပေမည်။

ဤကဲ့သို့ အဆင့်မြင့်အားကစားအဖြစ် ရပ်တည်နိုင်ရန်လည်း အားကစားသမားတစ်ဦးချင်းသည် "5 S for Champion" ချန်ပီယံဖြစ်ရန် အက်စ် ၅ လုံးကိုလည်း သတိပြုသင့်ပါသည်။

ထိုအက်စ် ၅ လုံးမှာ-

Spirit = အားကစားစိတ်ဓာတ်ရှိခြင်း
Strength = ခွန်အားရှိခြင်း
Stamina = သက်လုံကောင်းခြင်း
Skill = နည်းစနစ်ကျွမ်းကျင်ခြင်း
Society = အသင်းအဖွဲ့ပေါင်းသင်းဆက်ဆံမှု (Team Work )

ထိုအက်စ် ၅ လုံးပါအချက်များကို တစ်ဦးချင်းစီလိုက်နာပြီးလျှင် ကမ္ဘာကျော် ဘောလုံးကြယ်ပွင့်ဖြစ်သော ဘရာဇီးနိုင်ငံမှ "ပီလီ"၏ All for One, One for All) ဆိုသော "အများမှတစ်ဦးသို့ တစ်ဦးမှ အများသို့" ဆိုသော စကားအရ အားကစားသမားအချင်းချင်း တစ်ဦးနှင့်တစ်ဦး " ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" အပြန် အလှန် ကူညီရိုင်းပင်းမှု (Team Work) အသင်းစိတ်ဓာတ် ရှိရန်လိုပါသည်။

ထို့အပြင် "Champions not Born they are Made- ချန်ပီယံများသည် မွေးဖွားလာခြင်းမဟုတ် လေ့ကျင့်ယူရသည်"ဆိုသော ဆောင်ပုဒ်နှင့် "Practice Make Perfect လေ့ကျင့်ခြင်းသည် ပြီးပြည့်စုံခြင်း" ဟူသော ဆောင်ပုဒ်များကို သတိပြုရန် လိုပါသည်။

အားကစား အောင်မြင်မှုရသည်ဆိုရာမှာလည်း အောက်ဖော်ပြပါ အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ကို အလေးထားဖို့ လိုပါသည်။

၁။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အပေါ်တွင် သစ္စာရှိပါမည်။

၂။ ကျွန်ုပ်တို့သည် အားကစားသမားကောင်း တစ်ယောက်ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ပါမည်။

၃။ ကျွန်ုပ်တို့သည် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလောက တိုးတက်မြင့်မားအောင် ဆောင်ရွက်ပါမည်။

၄။ ကျွန်ုပ်တို့သည် အရှုံးမပေးသော ဇွဲစိတ်ဓာတ်ကို အရင်းခံ၍ တရားသောယှဉ်ပြိုင်၊ အနိုင်ရယူခြင်းကို လက်ခံကျင့်သုံးပါမည်ဟု အဓိဋ္ဌာန်ပြုပါ၏။

အထက်ဖော်ပြပါ မြန်မာအားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်သည် အားကစားသမားကောင်း တစ်ယောက်၏ အောင်မြင်မှုလမ်းကြောင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံက လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အဆင့်အတန်းရှိရှိပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အဆင့်မြင့်မြင့်ရပ်တည်နိုင်ရေးအတွက်. . .

နိုင်ငံတော်မှ တာဝန်ရှိသူများကလည်း ပြီးပြည့်စုံအောင် ပံ့ပိုးလျက်ရှိရာ အလားအလာရှိသော အားကစားသမားများကို ရွေးချယ်နိုင်ရန်အတွက် ကျောင်းသားအားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ၊ တပ်မတော် ကြည်း၊ ရေ၊ လေ အဆင့်ပြိုင်ပွဲ၊ မြန်မာ့လက်ရွေးစင်အဆင့်ပြိုင်ပွဲများနှင့် Champion Challenge Cup ပြိုင်ပွဲများကျင်းပပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ရရှိနိုင်သည့် အားကစားသမားများ ရွေးချယ်လေ့ကျင့်ပေးရန် လျာထားချက်များ၊ စီမံချက်များ ရေးဆွဲခဲ့ကြောင်း သိရှိရပါသည်။

"ဒို့ မြန်မာဂုဏ်ဆောင် အားကစားသမားများသည် အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ရမည်၊ မျိုးဆက်သစ်တို့အားမာန်ဝင့်ကာချီ. . . အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဆိုသော တေးသီချင်းစာသားအရ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝင့်ကြွား၍ နိုင်ငံတကာ၏ လေးစားမှု၊ ဦးညွှတ်မှုကို ခံယူနိုင်သော တစ်ခုတည်းသော စွမ်းဆောင်မှုမှာ အားကစားအောင်မြင်မှုပင် ဖြစ်ပါသည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အသားအရောင်၊ အဆင့်အတန်း မခွဲခြားဘဲ မိမိနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ပါက မိမိနိုင်ငံ၏ အလံသည် အောင်ပွဲခံ စင်မြင့်တိုင်ထိပ်တွင် တလူလူ လွင့်ထူခံရပြီး ပြိုင်ဘက်နိုင်ငံအားလုံး၏ ဦးညွှတ်အလေးပြုခြင်းကို ခံရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့်လည်း မိမိနိုင်ငံနှင့်လူမျိုးအတွက် နိုင်ငံတကာ ပြိုင်ပွဲအသင်းများ၏ အလယ်တွင် မျက်နှာပန်းလှလှ ဂုဏ်ယူဝင့်ကြွားနိုင်ရန် ပြိုင်ပွဲဝင် အားကစားသမားများ၏ အဓိကကျကျ အောင်ပွဲရဖို့အတွက် "အားကစားသူရဲကောင်း" များဟူသော သရဖူကို ဆောင်းနိုင်ရန် တာဝန်ကျေကျေ၊ အသိရှိရှိ၊ သတိရှိရှိဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ပါဝင်ဆင်နွှဲသင့်ပေသည်။

သို့သော်လည်း ကျွန်ုပ်တို့ အထူးသတိပြုသင့်သော အချက်များ "Doping" ဟူသော တားမြစ်ဆေးသုံးစွဲခြင်းကို သတိပြုရှောင်ရှားရပေမည်။

တားမြစ်ဆေးဝါးသုံးစွဲခြင်း၏ အကျိုးဆိုးယုတ်မှု ထိခိုက်မှုအာနိသင်ကို ၁၉၆၀ ခုနှစ် ရောမအိုလံပစ်တွင် ပထမဆုံး စတင်သိရှိခဲ့ပါသည်။ ဒိန်းမတ်နိုင်ငံမှ အိုလံပစ်ပြိုင်ပွဲဝင် စက်ဘီးသမား "ကွတ်-အင်နီမာဂျင်ဆင်" သည် ပြိုင်ပွဲဝင်နေစဉ် လဲကျသေဆုံးခဲ့မှုမှစ၍ အားကစားလောက၌ တာမြစ်ဆေးသုံးစွဲမှု "ဘူး" ပေါ်သလို ပေါ်ခဲ့ပေသည်။

ယင်းနောက် အားကစားသမားများ တားမြစ်ဆေးသုံးစွဲခြင်းကို စစ်ဆေးရန်အတွက် ၁၉၆၁ ခုနှစ်တွင် ဖွဲ့စည်းလိုက်သော အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ ဆေးကော်မရှင် "IOC-Medical Commission" ကလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိလာပါသည်။

၁၉၆၈ ခုနှစ် မက္ကဆီအိုလံပစ်မှစတင်ပြီး အားကစားသမားများကို တားမြစ်ဆေးသုံးစွဲခြင်းစစ်ဆေးမှုကို စတင်ပြုလုပ်ခဲ့ပါသည်။ အားကစားစွမ်းရည် တိုးတက်မှုအတွက် တားမြစ်ဆေးသုံးစွဲလာခြင်းသည် လွန်စွာမှ စက်ဆုတ်ရွံ့ရှာဖွယ်ရာ လုပ်ရပ်ဖြစ်ပေသည်။ လိမ်ညာသော အလုပ်ဖြစ်၍ အိုလံပစ်အားကစားရည်မှန်းချက်များကို ဖျက်ဆီးခြင်းဖြစ်ကာ အနာဂတ်အားကစားလောကတွင် အားကစားစိတ်ဓာတ်ကို လမ်းကြောင်းမှားအောင် လုပ်သော မကောင်းမှုဒုစရိုက်ဟု သတ်မှတ်ထားပါသည်။ ထို့မျှမက ရေရှည်တွင် သုံးစွဲသူ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည့်အပြင် "တရားမျှတစွာ ယှဉ်ပြိုင်ရေးဆိုသော" အခြေခံအားကစားအနှစ်သာရကိုလည်း ဖျက်ဆီးစေပါသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သော အိုလံပစ်ပြိုင်ပွဲတွင် အားကစားသမားများ ထောက်ခံသဘောတူသော ကြေညာချက်သုံးရပ်ကို ပြဋ္ဌာန်းခဲ့ရာ အပိုဒ် - ၂ တွင် ဖော်ပြထားသည်မှာ "တားမြစ်ဆေးသုံးစွဲမှုအသီးသီးတွင် အပြည့်အဝ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ပါဝင်ပတ်သက်သူ၊ အားကစားသမား၊ နည်းပြဆရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များကို သုံးသပ်ကာအပြစ်ကျူးလွန်သူများကို ပြင်းပြင်းထန်ထန် အရေးယူစေရန် တောင်းဆိုသည်ဟု" ပါရှိပါသည်။

ယနေ့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ပြိုင်ပွဲဝင်မည့် အားကစားသမားများအား နည်းစနစ်၊ ဆေးဝါး၊ အစားအသောက်၊ အားကစားအသုံးအဆောင်ပစ္စည်းများ သာမက တစ်ကိုယ်ရည်ကျန်းမာရေးများကိုလည်း ငွေအား၊ လူအား၊ အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးလျက်ရှိသည်ကို တွေ့ရပေသည်။

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအာကစားပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် အင်ပြည့်အားပြည့်အချိန်ယူပြင်ဆင်လေ့ကျင့်လျက်ရှိပြီး အားကစားနည်း ၂၈ မျိုးတွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိရေးနှင့် နိုင်ငံအလိုက် အဆင့်အတန်း မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းကို မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် မြန်မာနိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း ခံယူထားပါလျှင် ရည်မှန်းချက်အတိုင်း အောင်မြင်မှုသရဖူကို ဆောင်းနိုင်မည်ဟု ယုံကြည်မိပါသည်။ ။




## လွှတ်တော်ရေးရာကဏ္ဍ

### ✻ ပြည်သူ့လွှတ်တော်မှ

ပြုပြင်ပေးရေး၊ တွဲဖက်မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးနှင့်သီလရှင်သင်မူလတန်းကျောင်းများ အဆင့်မြှင့်တင်ပေးရေး၊ အဆိုပါကျောင်းများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ဆရာ ဆရာမများကို အစိုးရခန့်ဆရာ ဆရာမများအဖြစ်ခန့်ထားပေးရေး၊ ဆရာနှင့်ကျောင်းသားအရေအတွက်မျှတမှုမရှိသည့်ကျောင်းများတွင် ဆရာ ဆရာမတိုးချဲ့ခန့်အပ်ရေးတို့အတွက် ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။



ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် အရေးကြီးအဆိုတစ်ရပ် တင်သွင်းစဉ်။ (သတင်းစဉ်)

အဆိုမှာ **အခြေခံကျောင်းများအဆင့်မြှင့်တင်ခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးရေး** ဟူ၍ဖြစ်သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဘတ်ဂျက် လျာထားငွေများနှင့် ပတ်သက်၍ ပြန်လည်စိစစ်ပြီး မလိုအပ်သေးသည့် ပရိဘောဂပစ္စည်း၊ ဇိမ်ခံပစ္စည်းများအစား ဥပဓိရုပ်မကောင်းသည့်ကျောင်းများ၊ ပြိုကျပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်ရမည့် ကျောင်းများနှင့်မွမ်းမံပြင်ဆင်ရန်လိုအပ်သည့် ကျောင်းများနေရာတွင် လွှဲပြောင်းအသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုဆုံးဖြတ်ခဲ့သည်။

အဆိုပါ ဥပဒေကြမ်းအပေါ် နမ့်ခမ်းမဲဆန္ဒနယ်မှ **ဒေါက်တာစိုင်းကျော်အုန်း**က "မြန်မာ့ဘဏ်လုပ်ငန်းမှာ ဗဟိုဘဏ်ရဲ့အခန်းကဏ္ဍဟာ သိပ်ကိုအရေးကြီးပါတယ်၊ အဓိကကတော့ ပြည်တွင်းကုန်ဈေးနှုန်းတွေ တည်ငြိမ်ဖို့၊ ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းဖို့ဖြစ်ပါတယ်၊ ဒါကြောင့် ငွေကြေးဖောင်းပွမှုနှုန်းကိုလည်း ထိန်းသိမ်းစေနိုင်မှာဖြစ်ပြီး မြန်မာကျပ်ငွေတန်ဖိုး ခိုင်မာစေမှာဖြစ်ပါတယ်၊ ဒါကြောင့် ဗဟိုဘဏ်ကို သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဖို့လိုအပ်ပါတယ်၊ ဗဟိုဘဏ်ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌတွေ၊ ဒါရိုက်တာအဖွဲ့ဝင်တွေကို Fiscal Policy၊ Monetary Policyတွေ ကျေညက်တဲ့ပညာရှင်တွေနဲ့ ဖွဲ့စည်းသင့်ပါတယ်"ဟု ၎င်း၏အမြင်ကိုပြောပြခဲ့သည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ **ဦးသန်းမြင့်**ကလည်း "ဗဟိုဘဏ်ဥပဒေအတည်ပြုပြီးရင် ဗဟိုဘဏ်အနေနဲ့ သီးခြားရပ်တည်ရမယ့် အဖွဲ့အစည်းဖြစ်တဲ့အတွက် ဥပဒေကြမ်းကိုအတည်မပြုမီ ပြင်ဆင်ဖြည့်စွက်နိုင်အောင် ဆွေးနွေးတင်ပြကြတာဖြစ်ပါတယ်၊ ဒါကြောင့် ဥပဒေပါအကြောင်းအရာအချက်အလက်တွေဟာ ခိုင်မာတိကျဖို့ လိုအပ်ပါတယ်၊ ဗဟိုဘဏ်အနေနဲ့ဥပဒေအတည်ပြုပြီးရင် သီးခြားရပ်တည်နိုင်တဲ့ အနေအထားရှိပါတယ်၊ ငွေကြေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းတွေအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၈)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

### ❖ အမျိုးသားလွှတ်တော်မှ

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်ပြီး အဆိုရှင်ဒေါက်တာမြင့်ကြည်က "မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒီအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးတဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ (SMEs) ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ မူဝါဒများ ဆောလျင်စွာချမှတ်ထားဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့နိုင်ငံက အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများနဲ့ ပြည်ပကဝင်ရောက်လာမယ့် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေကို ယှဉ်ပြိုင်နိုင်ဖို့လိုပါတယ်။ အရည်အသွေးရော၊ ဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်ဖို့လိုပါတယ်။ သို့မဟုတ်ရင် ကျွန်တော်တို့ရဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ပါတယ်။ ဒီလိုထိခိုက် လာမယ်ဆိုရင် နိုင်ငံတော်လည်း ဝင်ငွေထိခိုက်မယ်။ အလုပ်သမားတွေလည်း အလုပ်လက်မဲ့ဖြစ်နိုင်တယ်။ ဒီအတွက် ကျွန်တော်တို့မူဝါဒတွေ ခိုင်ခိုင်မာမာချမှတ်ဆောင်ရွက်ဖို့လိုပါတယ်။ ချမှတ်တဲ့မူဝါဒတွေကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုပါတယ်။ ဥပမာအားဖြင့် တစ်နှစ်အတွင်း ဘယ်လောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်တယ်ဆိုတာပေါ့။ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ တစ်ခုနဲ့တစ်ခု ဈေးကွက်ချိတ်ဆက်လုပ်ကိုင်ဖို့ မူဝါဒတွေ ချမှတ်ဆောင်ရွက်သွားသင့်ပါတယ်"ဟု ပြောပြခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက အဆိုတင်သွင်းရာတွင် နိုင်ငံတော်၏ ကြီးမားသော တိုးတက်ပြောင်းလဲမှုများကို ပြည်တွင်းနေသူများအနေဖြင့် အမှတ်တမဲ့၊ မသိလိုက်၊ မသိဘာသာပြောင်းလဲသွားမှုဟု ယူဆနိုင်သော်လည်း အပြင်လောကမှကြည့်နေသူများအတွက် အလွန်ထင်သာမြင်သာပါကြောင်း၊ ဤနေရာတွင် မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်း၊ ယခုထိ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ တိုးတက်မှုရှိနေသည့်ကြားက ပေါ်ပေါက်လာသော အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုကြီးများကိုလည်း မေ့ထား၍မရနိုင်ပါကြောင်း၊ ယင်းစိန်ခေါ်မှုများအပေါ် ပြည်တွင်းသာမက ပြည်ပကပါ ပူပန်သောကဖြစ်ရ၊ စိုးရိမ်မှုများဖြစ်လာရပါကြောင်း၊ အဓိကမှာ ဒီမိုကရေစီလူ့ဘောင်သစ် တည်ဆောက်ရေးလမ်းကြောင်းမှ လမ်းချော်တိမ်းစောင်းပြီး နောက်ကြောင်း ပြန်လှည့်သွားမလားဆိုသော မေးခွန်းကို အများစုကမေးလာကြပါကြောင်း၊ ပြည်ပရောက်စဉ်၊ ပြည်ပမှ ပုဂ္ဂိုလ်များနှင့် မီဒီယာသမားများနှင့်တွေ့စဉ် အဓိကမေးသည့် မေးခွန်းဖြစ်ပါကြောင်း၊ စင်စစ်တွင် ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးပါဝင်သောပြည်သူလူထုတစ်ရပ်လုံးက သွားရမည့်ခရီးစဉ်ကို မမိုတ်မသုန် လက်တွဲမဖြုတ်စတမ်း ချီတက်သွားကြမည်ဟု သန္နိဋ္ဌာန်ရှိပြီးဖြစ်ပါကြောင်း၊ မိမိဘက်မှ ယုံကြည်မှုရှိနေရုံဖြင့် မလုံလောက်ပါကြောင်း၊ ကမ္ဘာကပါ ယုံကြည်စိတ်ချမှုရှိရန်လိုပါကြောင်း၊ တကယ်တမ်းဆန်းစစ်ကြည့်လျှင် လမ်းကြောင်းလွဲသွားနိုင်အောင် ပြည်ပကလုပ်၍ မရနိုင်ပါကြောင်း၊ တိုင်းပြည်ကံကြမ္မာကို ဖန်တီးနိုင်သူ၊ ပြောင်းလဲသွားနိုင်သူမှာ ပြည်တွင်းအင်အားစုပင်ဖြစ်ပါကြောင်း။

အဓိကစိန်ခေါ်မှုကြီးလေးရပ်မှာ ရခိုင်ပြည်နယ်ပဋိပက္ခများကိစ္စ၊ ကချင်ပြည်နယ်ပဋိပက္ခကိစ္စ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ / နှစ်နိုင်ငံသဘောတူညီမှုဖြင့် ယခင်အစိုးရလက်ထက်က စီမံကိန်းကြီးများနှင့် ၎င်းတို့ကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှု (EIA,HIA,SIA) ကိစ္စများနှင့် စက်ရုံ၊ အလုပ်ရုံစီမံကိန်းများရှိ လုပ်သားဆန္ဒပြမှု၊ နိုင်ငံအနှံ့ အကြောင်းကြောင်းဖြင့် ဆန္ဒထုတ်ဖော်မှု၊ ပြဿနာဖြစ်လျှင် အုပ်စုနှင့်ဖြေရှင်းလိုသောကိစ္စများဖြစ်ပါကြောင်း၊ ယခုအစိုးရ၏ တုံ့ပြန်ဆောင်ရွက်ဖြေရှင်းမှုအနေဖြင့် လွှတ်တော်ကြီးများ၏ ဥပဒေအကာအကွယ်နှင့် ကျားကန်ထောက်ပံ့ထားမှုနှင့် နိုင်ငံတော်သမ္မတကြီးဦးဆောင်သော အုပ်ချုပ်ရေးအာဏာဘက်က အထက်ပါပြဿနာအစုံကို အပြုသဘောဖြင့် ရှုမြင်ချဉ်းကပ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲဖြေရှင်းပေးနေပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်မှာလည်း များစွာကျန်ရှိနေပါကြောင်း၊ လုပ်ခဲ့သည်များကိုလည်း ကမ္ဘာကပင် အသိအမှတ်ပြုပါကြောင်း၊ တည်ငြိမ်စွာအဆင့်ဆင့်ပြောင်းလဲမှုဖြစ်စဉ်(Evolution) နည်းဖြင့် သွားနေပါကြောင်း၊ (Revolution)ကဲ့သို့ အချိန်တိုအတွင်း လုံးဝပြောင်းပြန်လှန်ပြောင်းပစ်ပါက အလွန်အန္တရာယ်ကြီးပါကြောင်း။

နိုင်ငံတော်အနေဖြင့် အနုတ်ပြ၊ လိုငွေပြနေသော အမွေဟောင်း၊ လက်ရှိဖွံ့ဖြိုးရေးရည်မှန်းချက်နှင့် ရေးဆွဲထားသောစီမံကိန်းကြောင့် ထပ်ပေါ်လာမည့်လိုငွေများနှင့် ဆိုပါက အခွန်အကောက်များထပ်လျော့ပြီး စိုက်စရိတ်အပါအဝင် အချို့ကိုတိုးပေးလျှင် နောက်ထပ်လိုငွေပိုပြသွားနိုင်ပါကြောင်း၊ ပြည်ပကြွေးမြီများသည်လည်း အချိုးအစားတစ်ခုပေးဆပ်နိုင်အောင် ဂျပန်၊ နော်ဝေကဲ့သို့ နိုင်ငံမျိုးက လျှော်ပေးသဖြင့် ဖွံ့ဖြိုးရေးအကူအညီချေးငွေများ ရရှိပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပဲရစ်ကလပ်ကို ရာခိုင်နှုန်းတစ်ခုမျှသာ ပေးဆပ်နိုင်ရုံရှိပြီး ယင်းအတွက် ထပ်မံချေးငွေယူသည့်အခါ ကြွေးမြီထပ်တိုးပြီး တင်လာမည်ဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိလျှင် အရေးယူရခြင်းများရှိလာပြီး မလိုလားအပ်မှုများ ပေါ်လာမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကျင့်ဝတ်သိက္ခာ၊ Code of Conduct တို့နှင့် ထိန်းထိန်းသိမ်းသိမ်းမကျင့်သုံးလျှင် တရားဥပဒေဖြင့်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ထိန်းရမှုများဖြစ်လာမှာ ဖြစ်ပါကြောင်း၊ လူအုပ်စုနှင့်ဖြေရှင်းခြင်းမျိုးဖြစ်လာပါက တည်ငြိမ်အေးချမ်းရေးအတွက် မလုပ်မဖြစ်နှိမ်နင်းထိန်းသိမ်းရမည်ကို သိမြင်နားလည်ပြီး မဖြစ်စေချင်သည်များမဖြစ်အောင် မိတ်ဖက်အဖွဲ့အစည်းအားလုံးက မိမိတို့ဘက်က ထိန်းထိန်းသိမ်းသိမ်းလုပ်မည်၊ အိမ်နီးချင်း၊ ဒေသအတွင်း၊ နိုင်ငံတကာတိုင်းပြည်များနှင့် နားလည်မှုပျက်မည့်၊ နိုင်ငံသိက္ခာထိခိုက်မည့် ကိစ္စများရှောင်ရှားမည်ဆိုသည့် အမြင်ရှိရန်လိုသည်ကို စဉ်းစားစေချင်ပါကြောင်း၊ အဓိကဦးထိပ်ထားရန်မှာ နိုင်ငံတော်၊ သန်း(၆၀)သော ပြည်သူတစ်ရပ်လုံး၊ အမျိုးသားရေးအကျိုးစီးပွားနှင့်လုံခြုံရေး၊ အခြေခံဥပဒေနှင့်တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ဖြစ်ပါကြောင်း။

မိမိတို့ဦးထိပ်ထားရမည့်အချက်များနှင့် နှိုင်းယှဉ်ကြည့်လိုက်ပါက မိမိတို့ပြဿနာသည် သေးငယ်သွားသည်ကို ခံစားရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်ဒေသကိုဆိုလိုခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံတော်အပါအဝင် မိတ်ဖက်အဖွဲ့အစည်းအားလုံးကို ဆိုလိုခြင်းဖြစ်ပါကြောင်း ၊ ယင်းအမြင်နှင့်ကြည့်ပါက နောက်ကြောင်းပြန်ကိစ္စများ၊ အာဃာတများ၊ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ၊ ပြည်ပထိုးဖောက်မှုများ၊ အဖျက်လုပ်ငန်းများ စသည်တို့ ပါမလာအောင် သတိထားရှောင်ရှားပြီး အားလုံးပါဝင်သော All Inclusive ဖြစ်မည့်အစီအစဉ်များ ပေါ်ထွန်းလာရေးအတွက် အားလုံးကစိတ်ရှည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ မိသားစုစိတ်ဓာတ်၊ သွေးစည်းညီညွတ်မှု၊ အသိတရား၊ သတိတရားကြီးစွာ တည်တည်ငြိမ်ငြိမ်ဖြင့် ချဉ်းကပ်ဖြေရှင်းကြရန်လိုပါကြောင်း၊ ထိုသို့ဖြစ်ရန် မိတ်ဖက်အဖွဲ့အစည်းအားလုံး၏အချုပ်ဖြစ်သော လွှတ်တော်ကြီးက ကျန်မိတ်ဖက်အဖွဲ့အစည်းများကို ထိတွေ့ညှိနှိုင်းသွားရန်လိုပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိ၏အဆိုဖြစ်သော **နိုင်ငံတော်၏ ကံကြမ္မာကိုဖန်တီးနိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့်ပြည်သူအတွက် အမြင့်မားဆုံးရည်မှန်းချက်တစ်ခုတည်းကိုသာ အာရုံရှေးရှုဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူအားလုံးကို အလေးအနက်တိုက်တွန်းအပ်ပါကြောင်း** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၂-၂၀၁၃ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၀၀ | "ဘဝဈေးသည် တင့်တယ်ပါစေ" တရားတော်(ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ) |
| ၁၀း၄၀ | ဂီတသရုပ်ပြခန်း(ခေတ်ထူး၊ ဒေဝီ) |
| ၁၁း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၄း၄၀ | အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "ဆယ့်နှစ်နာရီသတို့သား" |
| ၅း၂၀ | Minute to Win It |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၁၀၈) |
| ၈း၁၅ | The Golden Land (အလံပြဘုရား) |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း - ၂၇) |

## အကြိုအခြေခံ မီးသတ်သင်တန်း စစ်တွေမြို့၌ ဖွင့်

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အကြိုအခြေခံ မီးသတ်သင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက စစ်တွေမြို့ ဝင်ဘာကွင်းနှင့် ဓညဝတီအားကစားကွင်း၌ တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ စစ်တွေမြို့ပေါ် (၃၂)ရပ်ကွက်မှ သင်တန်းသား ၃၅၀ တက်ရောက်ကြပြီး နံနက် ၈ နာရီမှ ၁၁ နာရီထိ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၆၉၈)**


# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် (၄၅)လမ်း အမှတ်(၁၉/၂၁)ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးပိုင် မြေကွက်တွင် ၁၂ ထပ် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ ယင်းအဆောက်အအုံတွင် ယာဉ်ရပ်နားနေရာ နှစ်ထပ်နှင့် ရုံးခန်းနေရာ ၁၀ ထပ် ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူမှ အပြည့်အဝ ရင်းနှီးမြှုပ်နှံ၍ အချိန်ကာလ နှစ်နှစ်အတွင်း ပြီးစီးအောင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁၅-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အောက်ပါနေရာများတွင် ဝယ်ယူ၊ တင်သွင်းနိုင်ပါသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်မြို့

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း-၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၁၄၃

(ခ) Fax ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၁၄၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး



သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံ သတင်းစာတွင် ကြော်ငြာစို့

# မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေး အလှူငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရွှေမိသားစုဖောင်ဒေးရှင်းမှ မတည်ကာ အများပြည်သူလှူဒါန်းငွေဖြင့် ဆောက်လုပ်လှူဒါန်းမည့် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး **(ယာပုံ)** တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီတွင် အဆိုပါသာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်မဏ္ဍပ်အဆောင်(၁) တရားဟောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Krislite ကုမ္ပဏီက ငွေကျပ် ၃၄၃ သိန်း၊ TZTM ကုမ္ပဏီ၊ Max Myanmar ကုမ္ပဏီ၊ Moon Ray ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီ၊ Original Group ကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် FCGC ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ WEG ကုမ္ပဏီက ငွေကျပ် ၄၅ သိန်း၊ Diamond Wall ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ တက်လမ်းကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီက ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးနေလင်းထိုက် (လင်းကွန်ပျူတာဆိုင်)က ငွေကျပ် ၁၀ သိန်း၊ ဦးနော်အောင် (အောင်ချမ်းသာကုမ္ပဏီ)၊ ကံသစ်ကုမ္ပဏီနှင့် ဦးစိုးမြင့်(စိုးရေပိုက်ဆိုင်၊ ရန်အောင်(၂)ရပ်ကွက်)တို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင် ၄၂ ဦးတို့က မဏ္ဍပ်တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဦးကံချွန်၊ ဒေါက်တာပိုင်စိုး၊ ဦးမြင့်ရွှေနှင့် ဦးမျိုးညွန့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၄၁ ဦးတို့၏ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၃၅၄ ဒသမ ၁ သိန်းဖြစ်ပြီး ယခုဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင်အလှူရှင် ၅၈ ဦးတို့၏ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၂၆၇ ဒသမ ၁ သိန်းဖြစ်ကာ အလျား ၂၁၆ ပေ၊ အနံ ၉၈ ပေစီရှိ နှစ်ထပ်မဏ္ဍပ်အဆောင်(၁)နှင့် မဏ္ဍပ်အဆောင်(၂)နှင့် အလျား ၁၁၂ပေ၊ အနံ ၇၈ ပေရှိ နှစ်ထပ်အလယ်ဆောင် အဆောင်(၃) တို့ဖြင့် ဖွဲ့စည်းတည်ဆောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



# ဇေကမ္ဘာ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



## အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာပီဂျီအေနှင့် Asian Tour တို့ပူးပေါင်း၍ ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၃ ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ Royal Mingaladon Golf & Country Club ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Asian Tour တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။ ဆက်လက်၍Asian Tour မှ Executive Chairman ဦးကြည်လှဟန်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် Asian Tour မှ Executive Chairman ဦးကြည်လှဟန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒေါက်တာခင်ရွှေ**(ဝဲပုံ)**၊ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးကြည်လှဟန်တို့က အမှတ်(၁)တီခုံတွင် ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော် ၁၂၀ ကျော်၊ မြန်မာပရိုဂေါက်သီးကစားသမား ၁၆ ဦး၊ အပျော်တမ်းဂေါက်သီးကစားသမား ခြောက်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဇေကမ္ဘာ မြန်မာအိုပင်းဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ဩစတြေးလျနိုင်ငံသား ကီရန်ပာတ်အပါအဝင် အာရှမှ နာမည်ကြီး ဂေါက်သီးသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ည ၇ နာရီတွင် အဆိုပါဂေါက်ကွင်း၌ပင် ကျင်းပခဲ့သည်။

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**



**အထက်မြန်မာပြည်သတင်း**

## မန္တလေးဓာတ်ပုံအသင်း အမှုဆောင်သစ်ရွေးချယ်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးဓာတ်ပုံအသင်း၏ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် အမှုဆောင်သစ် ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ရတနာပုံဈေး(စတုတ္ထထပ်)ရှိ မန္တလေး ဓာတ်ပုံအသင်းတိုက်တွင် ကျင်းပ သည်။ ရွေးဦးစွာ ရွေးချယ်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်လတ် (ချစ်ညို)က မဲပေးရမည့် စည်းမျဉ်း စည်းကမ်းများနှင့် အမှုဆောင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာသော အသင်းသူ အသင်းသားများက လျှို့ဝှက်မဲပေးစနစ်ဖြင့် အမှုဆောင် များအား ရွေးချယ်မဲပေးကြသည်။

အဆိုပါ မဲပေးရွေးချယ်ခြင်းအား အထက်မြန်မာပြည်ဓာတ်ပုံအသင်း နာယက ဦးမြတ်ကျော်(ယမင်းသူဇာ)၊ နာယက ပန်းချီပညာရှင် ဦးကျော်မိုး သာနှင့် ဧည့်သည်တော်များအား ဖိတ်ကြားကာ စောင့်ကြည့်လေ့လာ စေခဲ့သည်။ မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ မဲများပေးပြီးနောက် ရွေးချယ်ရေးကော်မရှင်အဖွဲ့မှ ကြိုတင် ကြေညာထားသည့်အတိုင်း အမှု ဆောင် ၁၅ ဦးအား မန္တလေးဓာတ်ပုံ အသင်း၏ ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ရွေးချယ်၍ ကြေညာ ပေးရာ ဥက္ကဋ္ဌ ဦးမောင်မောင်လေး (ငွေလှိုင်း)၊ ဒုဥက္ကဋ္ဌ(၁)ဦးထွန်းတင် (ဖရန်ကီ)၊ ဒုဥက္ကဋ္ဌ(၂) ဦးကျော်ဇော လေး၊ အတွင်းရေးမှူး ဦးသီဟဝင်း၊ တွဲဖက်အတွင်းရေးမှူး(၁)ဦးကျော်ဇောဝေ၊ တွဲဖက်အတွင်းရေးမှူး(၁)ဦးဝင်းမင်းသိန်း (အဓိပတိ)၊ ဘဏ္ဍာရေးမှူး ဦးသိန်း ငွေးမောင်(ဆွေလှသိန်း)၊ တွဲဖက် ဘဏ္ဍာရေးမှူး ဦးတင်ဝင်း(ဘူမိ)၊ စာရင်းစစ်မှူး ဦးဇော်မြင့်ဦး၊ တွဲဖက် စာရင်းစစ် ဦးသိန်းထွန်းအောင်၊ ပြန်ကြားရေးမှူး ဦးလွှမ်းထက်အောင်၊ တွဲဖက်ပြန်ကြားရေးမှူး ရည်မွန် (မြစ်ငယ်)၊ အမှုဆောင်အဖွဲ့များမှာ ဦးဘဦး၊ ဦးဇော်မင်းအောင်(ယမုံလွင်)၊ ဦးချစ်တီး(ကံကောင်း)တို့အား အသီး သီး တာဝန်ပေးအပ်သည်။ အမှု ဆောင်အသစ်မှ လပတ်တံခွန်စိုက် ပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ရာ ပထမဆုံးပြိုင်ပွဲမှာ မော်ဒယ်ပြိုင်ပွဲ ဖြစ်ပြီး ရေကူးဝတ်စုံဖြင့် ရိုက်ကူးကြ မည်ဖြစ်သည်။



**(ဝဝ၂)**

## မုံရွာမြို့နယ် ကိုင်းတောရွာ၌ ဇီးကွက်မျိုးနွယ်ဝင် ဆောင်းခိုငှက်တစ်ကောင်တွေ့ရှိ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

နှစ်စဉ်ဆောင်းရာသီတစ်လျှောက် တစ်ချိန်မဟုတ် တစ်ချိန်တွင် ဒေသ အနှံ့အပြားသို့ ဆောင်းခိုငှက်များ ဖြန့်ကြက်ပျံသန်းသွားလာကြရာ မုံရွာမြို့ ဝန်းကျင် မြို့ပေါ်နှင့် တောနယ်များတွင်ပါ ဆောင်းခိုငှက် အကောင်ကြီးမျိုး များကို နှစ်စဉ် တစ်ကောင်တည်း (သို့မဟုတ်) အုပ်စုလိုက် တွေ့ရတတ်သည်။ ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က မုံရွာမြို့နယ် ကိုင်းတောကျေးရွာ၌ ဒေသငှက် မျိုးတွင် မပါဝင်သည့် ဇီးကွက်မျိုးနွယ်ဝင် ဆောင်းခိုငှက်တစ်ကောင်ကို တွေ့ရှိခဲ့ သည်။

အဆိုပါ ဇီးကွက်ကြီးသည် ဦးခေါင်းမှအမြီးအထိ ၁၃ လက်မ၊ အမြီး အကျယ်မှာ ရှစ်လက်မ၊ အတောင်တစ်ဖက်လျှင် ၁၄ လက်မစီရှိပြီး ဦးခေါင်းမှာ နှစ်လက်မ ပတ်လည်၊ ဦးခေါင်းမှ ခြေထောက်အထိ အမြင့် ငါး လက်မ၊ အရောင်မှာ အဝါနှင့် အနက်စပ်ကျား၊ အမြီးမှာ ဒေါင်းမြီးကွက်ဖြစ်ပြီး ဦးခေါင်းမှာ ဦးချိုပုံသဏ္ဍာန် အမောက် နှစ်ခုပါဝင်ကြောင်း သိရသည်။ အဆိုပါ ဇီးကွက်ကြီးကို သက်ဆိုင်ရာ တိ/မွေးကု တာဝန်ရှိသူများထံ ဒေသခံများက အပ်နှံခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## စစ်ကိုင်း၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးဆောင်ရွက်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း မြို့၌ မကြာမီကာလတွင် တက္ကသိုလ် ဝင်စာမေးပွဲ အကြိုကာလနှင့် စာမေး ပွဲများ ကျင်းပတော့မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း မရှိစေရေးနှင့် ဓာတ်အားအပြည့်အဝ ရရှိစေရေးအတွက် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများက အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် လျှပ်စစ်အင်ဂျင် နီယာရုံးမှ မြို့နယ်အင်ဂျင်နီယာ ဦးသန်းထိုက်ဦး (လ/ထ အင်ဂျင် နီယာ) ဦးဆောင်၍ လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများသည် စစ်ကိုင်းမြို့နယ်အတွင်း တက္ကသိုလ် ဝင်စာမေးပွဲ အကြိုကာလနှင့် စာမေးပွဲကာလများအတွင်း ဓာတ် အားအပြည့်အဝရရှိရန်နှင့် ဓာတ်အား ပြတ်တောက်မှုမရှိစေရန် မြို့ပေါ်ရှိ ဗို့(၄၀၀) ဓာတ်အားခွဲရုံများရှိ ဖြူး များအသစ်လဲလှယ်ခြင်း၊ ဓာတ်အား ဖြတ်ခလုတ်များ အမဲဆီထိုးခြင်း၊ လိုင်းသန့်ရှင်းရေးလုပ်ငန်းများအား ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**(ခိုင်ဇေယျ)**

## ဝမ်းတွင်းမြို့တွင် မီးလောင်မှုဖြစ်ပွား

**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၀**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ သဲတော (၃)ရပ်ကွက် အောင်ချမ်းသာ မြောက်ပိုင်းနယ်မြေ သဲတော- ရိုးစုံလမ်း (မီးရထားလမ်း အနောက် ဘက်)ရှိ ဆေးနှင့်စတိုး အရောင်း ဆိုင်တစ်ခုတွင် မီးလောင်ကျွမ်းမှုတစ်ခု ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားကြောင်း သိရ သည်။

ဖြစ်ပွားပုံမှာ ဦးသိန်းထွန်း (၅၂)နှစ် ပိုင်ဆိုင်သည့် ဆေးနှင့်စတိုးဆိုင် လေးပင် သုံးပင် နံကပ် သွပ်မိုး အဆောက်အအုံတွင် မီးလောင်ကျွမ်း ရာ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ပိုင်းဝန်းမီးငြိမ်းသတ်သဖြင့် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ် နိုင်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် အဆိုပါ အဆောက်အအုံ မျက်နှာကြက် နှင့် ခေါင်မိုးများ ပျက်စီးခဲ့သည်။

**(၅၇၉)**

## မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

**မွေးနေ့ဆုတောင်း**

ချစ်ရသော သားငယ် **ဖြိုးသီဟကျော်(ခ) ဖြိုးဖြိုး** နိုင်ငံတော်အဆင့် ရွှေတံဆိပ်(၅)ဆုရှင် အထက(၁၄)မန္တလေး၊ ဖေဖော်ဝါရီလမှာကျရောက် သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမေမေတို့နှင့် အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော သားကောင်းရတနာတစ်ယောက်ဖြစ်ပါစေလို့ တောင်းဆု ခြွေလျက်. . .။

**မေမေ - ဒေါ်တင်တင်မျိုးရည်**
**(ဦးစီးအရာရှိ၊ အနုပညာဦးစီးဌာန၊ မန္တလေး)**
**ကိုကို- ပိုင်ပိုင် (နိုင်ငံတော်အဆင့် ရွှေတံဆိပ် ၉ဆုရှင်)**
**(B.A Dramatic Arts, B.Sc Physics, Dip. Dramatic Arts )**

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

## ချည်ထည်ဆေးရေးလုပ်ငန်းများ တွင်ကျယ်လာ လက်ခစားလုပ်ကိုင်သူများ ဝင်ငွေကောင်း

ချည်ထည်ဆေးရေးလုပ်ငန်းဈေးကွက် ကျယ်ပြန့်တွင်ကျယ်လာသည်နှင့် အမျှ ရက်ကန်းလုပ်ငန်းများနှင့် ဆက်နွယ်လုပ်ကိုင်ကြသူများအနေ ဖြင့် အလုပ်အကိုင်အခွင့်အလမ်း များပြားလာရုံမျှမက ဝင်ငွေများ လည်း တိုးတက်လာကြောင်း သိရသည်။

အမရပူရမြို့နယ်သည် ရက်ကန်း လုပ်ငန်းမြို့ဖြစ်ပြီး ယခင်က ရက်ကန်း လုပ်ငန်း၊ ချိတ်ရက်ကန်းလုပ်ငန်း တို့ကို အဓိကလုပ်ကိုင်ခဲ့ကြသော် လည်း ယခုအခါ ချည်ထည်၊ ပိုးထည် ဆေးရေးလုပ်ငန်းများ တွင်ကျယ် ဖြစ်ထွန်းလာသည်ကို တွေ့ရသည်။ ကနဦးက ပြောင်ပိုးထည်၊ ချည်ထည် များပေါ်တွင် ပန်းပွင့်ပန်းနွယ်၊ ချိတ် ကြိုးစသည့် ဒီဇိုင်းပုံစံ အမျိုးမျိုးကို လက်ဖြင့်ရေးဆွဲပုံဖော်သည့် ပန်းချီ ဆေးရေးလက်မှုလုပ်ငန်းများ စတင်ခေတ် စားခဲ့သည်။ အဆိုပါ ပန်းချီဆေးရေး ချည်ထည်များကို အမရပူရမြို့နှင့် စစ်ကိုင်း မင်းကွန်းဒေသတွင် တွင်ကျယ်စွာ ပြုလုပ်ခဲ့ရာ ပြည်တွင်း တွင် ပွဲတက်ဝတ်စုံအဖြစ် ဝတ်ဆင် ခဲ့ကြရုံမျှမက နိုင်ငံခြားသား ဧည့် သည်များကလည်း အမှတ်တရပစ္စည်း အနေဖြင့် အထူးနှစ်ခြိုက်စွာ ဝယ်ယူ ခဲ့ကြကြောင်း သိရသည်။ ယခုအခါ ချည်ထည်ဆေးရေးလုပ်ငန်းများမှာ တိုင်းရင်းသားရိုးရာအဆင်အမျိုးမျိုးကို တွင်ကျယ်စွာ ရေးဆွဲထုတ်လုပ်နိုင် လာကြသဖြင့် လုပ်ကိုင်သူများ ဝင်ငွေ ကောင်းမွန်လာသည်ဟု သိရသည်။

အမရပူရမြို့ အိုးတော်တိုက်နယ် ကြေးသွန်းရပ်ကွက်မှ ချည်ထည် ဆေးရေးလုပ်ငန်း လုပ်ကိုင်နေသူ ကိုကုလားက "အောက်ခံချည်ထည်က တော့ ၂×၈၀ ချည်၊ ချောတိုင်၊ ချောဖောက်ပြောင်ချည်ထည်တွေကို အသုံးပြုကြတာပါ။ ချည်ထည်ကို ရက်ကန်းစင်မှကျတာနဲ့ အသား အိချောသွားအောင် ပေါင်းရတယ်။ ဆေးရေးဖို့အတွက် ချည်ထည်စကို အောက်ခံညီညာပြန့်ကားနေအောင် သုံးထပ်သားပေါ်မှာ ဘောင်ကျက်ရ တယ်။ ပြီးရင် ဒီဇိုင်းဖောက်ထားတဲ့ ဖလင်နဲ့ခံပြီး ဆေးရေးရတယ်။ ချည် ထည်တွေမှာ ရေးတဲ့ဆေးတွေကတော့ တရုတ်ဆေး၊ ယိုးဒယားဆေးတွေကို သုံးကြတယ်။ ဆေးနံပါတ်တွေကတော့ 0-1' 0-2' 0-3 ဆေးတွေနဲ့ ဘိုင်ဒါ ဆေးစပ်ပြီး ရေးကြတယ်။ ပန်းပွင့်တွေ ဖောင်းကြွလာအောင် အို-တူးဆေးနဲ့ ဖောင်းကြွဆေးကို ရောသုံးရတယ်။ ဖောင်းကြွဆေးနဲ့ရေးပြီး မီးပူတိုက် လိုက်ရင် ပန်းတွေကဖောင်းကြွလာ တယ်။ ရွှေမှုန်ငွေမှုန်ကိုလည်း အို- တူးဆေးနဲ့ ရောသုံးကြရတာ၊ ဆေးရေး အလုပ်ကိုတော့ မိန်းကလေး၊ ယောကျ်ား လေး၊ လူငယ်တွေ အများစုလုပ်ကြတယ်။ ဆေးရေးခက တစ်ထည်ကို ၅၀၀ ကျပ် ရတယ်။ တစ်နေ့ကို ပုံမှန် ၁၂ ထည် လောက်ပြီးကြတော့ တစ်ယောက်ကို တစ်ရက်ဝင်ငွေ ၆၀၀၀ ကျပ်လောက် ရကြတယ်။ ဒီဇိုင်းဖလင်ပြားကိုတော့ ကိုယ့်ဘာသာ အိမ်မှာပဲ ဖောက်သုံး တယ်"ဟု ပြောပြသည်။

ယခုအခါ မွန်ရိုးရာအဆင်၊ ရှမ်း ရိုးရာအဆင် စသည့် တိုင်းရင်းသား ရိုးရာအဆင်များအပြင် ဌာနဆိုင်ရာ ဝတ်စုံများ၊ ကုမ္ပဏီယူနီဖောင်းများကို လည်း အဆင်တူ ဒီဇိုင်းတူအများအပြား ရေးဆွဲပေးနေရကြောင်း သိရသည်။

"နိုင်ငံခြားသားတွေကလည်း ဝယ် ကြတယ်။ အခုဆိုရင် နိုင်ငံခြားသား ဧည့်သည်အလာများတဲ့ တောင်သမန် အင်း၊ ဦးပိန်တံတားနဲ့ မင်းကွန်းမှာ ဆေးရေးပိုးထည်၊ ချည်ထည်ဆိုင်တွေ ဖွင့်ပြီး ရောင်းကြတယ်။ ဈေးနှုန်း အနေနဲ့က ဆေးရေးချည်ထည်လုံချည် တစ်ထည်ကို ၄၅၀၀ ကျပ်၊ ဝမ်းဆက် တစ်စုံကို ၆၀၀၀ ကျပ်နဲ့ ရောင်းတယ်။ တိုင်းရင်းသား ရိုးရာဆင်အထည် အများစုက ရှမ်းပြည်နယ် ဘော်ကြိုပွဲ၊ ပဲခူးရွှေမော်ဓောဘုရားပွဲတွေမှာ အရောင်းသွက်တယ်"ဟု ပြောပြသည်။

ချည်ထည်ဆေးရေးလုပ်ငန်းများ ကျယ်ပြန့်လာသဖြင့် ဒေသတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာရုံမျှမက ဝင်ငွေလည်း ကောင်းမွန်သည်ကို တွေ့ရသည်။ ချည်ထည်ဆေးရေးလုပ်ငန်းများကို ယခုအခါ အမရပူရမြို့၊ စစ်ကိုင်းမြို့ နှင့် မင်းကွန်းယဉ်ကျေးမှုဒေသတို့တွင် ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



**(နန္ဒာမင်းလွင်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၇ယ/၇၀၂၃၄ အမျိုးအမည် Shayan 110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင် အောင် မှတ်ပုံတင်အမှတ် [၉/ခမစ(နိုင်) ၀၃၃၂၂၇] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄ယ/၅၉၈၄၅ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင် သင်း မှတ်ပုံတင်အမှတ် [၅/ဘတလ(နိုင်) ၀၁၂၃၂၂]မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄ယ/၈၇၈၀၀Hensim 110 M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမျိုးနိုင် မှတ်ပုံတင်အမှတ် [၅/ တဆန (နိုင်)၀၇၇၃၃၇]မှ ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁ယ/၅၇၅၇၄ အမျိုးအမည် Honda Dream 100ms အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးယွင်ရှောက်ယုံ မှတ်ပုံတင်အမှတ် [၁၃/မနန(နိုင်) ၀၀၉၁၁၂] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံး သို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၀ယ/၇၄၆၃၃ အမျိုးအမည် V Anbo 125 အမျိုးအစား M/C ယာဉ် လက်ဝယ်ရှိသူအမည် ဒေါ်သန္တာဦး မှတ်ပုံတင်အမှတ် [၉/မတန(နိုင်) ၁၀၇၁၀၂] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း**

မသီတာလှိုင် [၁၃/လရန(နိုင်) ၁၀၉၄၆၉]သည် ကျွန်တော့်အား ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ် ကြိမ်ပြုလုပ်ပါသဖြင့် တရားဝင် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါ သည်။

**မျိုးဆက်အောင်**
**[၁၂/လကန(နိုင်)၁၈၂၃၁၈]**
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ်ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"ဩော်. . . သက်ဝေရေ၊ ဒီညနေ ငါသွားစရာရှိတယ်၊ ထမင်းစောစော စားသွားလို့ရမလား"

"သိပ်စောစော စားချင်ရင် မနက်က ဟင်းတွေ နွှေးပြီး ကျွေးပေးမယ်ဆရာ၊ နည်းနည်း အချိန်ပေးရင် ကျွန်တော်အစိမ်းကြော်လည်း ကြော်ပေးမယ်"

"မင်းအစိမ်းကြော်က ဘယ်လောက်ကြာမှာလဲ"

"တစ်နာရီလောက်ပဲ ဆရာ"

"ဟာ. . . မင်းဥစ္စာ ကြာလှချည်လား"

"ကြော်တာက လေး၊ ငါးမိနစ်ပါ၊ လှီးတာချွတ်တာ ပြင်တာဆင်တာက နည်းနည်းလက်ဝင်တယ်၊ ကျွန်တော်က ဟို. . . ရှုပဗေဒက ဆရာဦးတုတ်ဝင်းတပည့် စံကေးလို မဟုတ်ဘူး"

"ဦးတုတ်ဝင်းတပည့်က စံကေးမဟုတ်ပါဘူး၊ ဇော်နိုင်ဆို မဟုတ်လား"

"ဒါက ဒီရောက်မှ ဖြစ်တာပါ၊ ရွာတုန်းက စံကေးပါ"

"မင်းကိုလည်း ရွာတုန်းက လူလှလို့ ခေါ်တယ်ဆို"

"လူလှကနေ သက်ဝေဖြစ်တာ မလွန်ပါဘူး ဆရာ၊ ပြီးတော့ ကျွန်တော်က ဆယ်တန်းဖြေတုန်းက ပြောင်းထားတဲ့ နာမည်၊ စံကေးက ရှစ်တန်းတောင် မအောင်ဘူး"

"ထားပါတော့ စံကေးလို မဟုတ်ဘူးဆိုတာက ဘာပြောတာလဲ"

"စံကေးက အစိမ်းကြော်ဆိုပြီး ပန်းမုန်လာနဲ့ ဂေါ်ဖီရွက်တွေ သူ့ဆရာကို ကြော်ကြော်ကျွေးတယ်။ အချို့မှုန့်တွေ တစ်ကော်ကြီးထည့်၊ နနွင်းမှုန့်တွေ မဆီမဆိုင်ထည့်၊ သူ့ဟာ အစိမ်းကြော်မဟုတ်ဘူး ဆရာ၊ အဝါကြော်၊ ကျွန်တော်က ဆရာ့ကို အစိမ်းကြော်အစစ် ကြော်ကျွေးမှာ၊ ကျွန်တော့်မှာ ဟိုဒင်း. . . တွေ့စ်ရှိတယ် ဆရာ"

"အေး. . . ကောင်းပြီ၊ ဒါဖြင့်ရင် ပြင်ဆင်တော့၊ ခြောက်နာရီတိတိမှာ ဆရာထမင်းစားချင်တယ်"

"စိတ်ချပါ ဆရာ၊ ဩော်. . . ဒါထက် ဆရာက ဘယ်သွားမလို့လဲ"

"ဒီထဲတင်ပါပဲကွ၊ ဂီတဆည်းဆာရှိလို့"

"အာ. . . ဟုတ်တယ်. . . ကျွန်တော်လည်းကြားတယ်၊ ကျွန်တော်တောင် သွားနားထောင်မလို့ စိတ်ကူးထားတယ်၊ ဒါထက် ဆရာ အဲဒီက လူတွေနဲ့ခင်ပြီလား"

"ဘယ်ဒီက လူတွေလဲ"

"ဟိုဒင်းလေ ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့၊ အဲဒီ ပွဲလုပ်တဲ့အဖွဲ့က လူတွေ"

"ခင်တယ်လေ ဘာလုပ်မလို့လဲ"

"ခင်ရင် ပြောပေးပါလား ဆရာ၊ ကျွန်တော် အကြံတစ်ခုပေးလိုက်ချင်လို့"

"အလို ဆိုစမ်းပါဦး"

"ဒီလိုပါဆရာ၊ ဆည်းဆာဆိုတဲ့စကားက အနက်နှစ်မျိုးထွက်တယ်၊ နံနက်မှာလည်း ဆည်းဆာရှိတယ်၊ ညနေမှာလည်း ဆည်းဆာရှိတယ်၊ အလင်းနဲ့အမှောင် ကြားကာလ၊ ကျွန်တော်တင်ပြတာ မှန်တယ်မဟုတ်လား ဆရာ"

"ဗျာ. . . အာ. . . မှန်ပါတယ် မှန်ပါတယ်"

အဲဒီ အချိန်လေးကလည်း ခဏလေး၊ ဒါပေမယ့် သူတို့လုပ်တာက အကြာကြီး၊ ဘီယွန်းသည် ဆည်းဆာပဲ၊ ဆည်းဆာမှာ စတောင်မစနိုင်သေးဘူး၊ ဟိုလူ့စောင့် သည်လူ့စောင့်၊ ဟိုဒင်းက နောက်ကျ၊ ဒီဒင်းက နောက်ကျနဲ့၊ ဒီတော့ ဂီတဆည်းဆာလို့ ခေါ်ဖို့မသင့်ဘူး"

"ဟေ. . . ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

"ဂီတ၏ ညနိဒါန်း"

"ဟေ. . . ဘယ်လို"

"သဘောပါ ဆရာ၊ သဘောလောက် ပြောပြတာ"

"ဩော်. . . အင်း အင်း၊ အေး. . . မင်းရဲ့ အကြံပြုချက်ကို ငါ ဆရာကြီးမြကေတုကိုကော. . . ပါမောက္ခချုပ်ဆရာကြီး ဦးလှရွှေကိုပါ တင်ပြပေးလိုက်မယ်၊ ဘယ့်နှယ်လဲ"

"ကျေးဇူးတင်ပါတယ် ဆရာ"

သက်ဝေ လှည့်ထွက်သွားရာ သူ့နောက်ကျောကို ကြည့်ပြီး ဦးမြင့်နွယ် ရယ်ရမည်လည်းခက်၊ မရယ်ရမည်လည်းခက် ဖြစ်ကျန်ရစ်သည်။

သက်ဝေက နည်းနည်းတော့ အင်း. . . နည်းနည်း မဟုတ်၊ တော်တော်ကို ကြီးကျယ်သည်။ သက်ဝေကြီးကျယ်တတ်ကြောင်းတော့ စံကေးခေါ် ဇော်နိုင်မှတစ်ဆင့် သူ့ကို မိမိအိမ်အတွက် ရှာပေးသူ ဦးတုတ်ဝင်းက ပြောထားနှင့်ပြီး ဖြစ်သည်။

သက်ဝေသည် စကားပြောတွင် ကြီးကျယ်သည်မဟုတ်၊ စိတ်ကူးလည်း ကြီးကြီးကျယ်ကျယ် ထားဟန်တူသည်။

အင်းလေ. . . လူ့ကံကို မည်သူပြောနိုင်မည်နည်း။ ယခုတော့ သက်ဝေသည် မိမိအိမ်၌ ထမင်းချက်။ ထမင်းချက်တင်မက အကုန်လုပ်ရသည်။ သို့ရာတွင် တစ်နေ့မှာတော့. . . .

> ဘာဝနာမှာ ခရီးရောက်ဖို့ သမာဓိလိုသည်။ သမာဓိ ထူထောင်နိုင်ဖို့က တေက္ကဒါရမှ ဖြစ်သည်။ တေက္ကဒါရဆိုသည်က စိတ်ကို အာရုံတစ်ခုတည်းမှာ စိုက်ထားခြင်းဖြစ်သည်။ ပုထုဇဉ်၏ စိတ်က စက္ကန့်မပြတ်ပြေးလွှားနေသည်။ သည်အာရုံမှ ထိုအာရုံ၊ ထိုအာရုံမှ ဟောဟိုအာရုံဆီ၊ နားနေသည်၊ ငြိမ်နေသည် မရှိ။ ဘာဝနာလုပ်စမှာ သံသရာတစ်လျှောက်လုံး အလိုလိုက်ထားသော စိတ်သည် ထိန်းနေသည့်ကြားမှ ဟိုပြေးသည်ပြေး လုပ်ဦးမည်။

ဥပမာ. . . ကထိက ဦးသက်ဝေ၊ နိုင်ငံကျော် ကဗျာဆရာ၊ စာရေးဆရာ ဦးသက်ဝေ. . . သဘောပါ။ သက်ဝေ ပြောခဲ့သလို သဘောလောက်ပါ။

ဦးမြင့်နွယ်၏ မျက်နှာသည် တည်သွားသည်၊ ခေတ္တ ငိုင်နေမိသည်။ ရင်တွင်းတစ်နေရာ၌ ထူးဆန်းသော လှုပ်ရှားမှုတစ်ရပ် ပေါ်လာသည်။

ဩော်. . . သည်အရွယ်။ ကိုယ်လည်း သည်အရွယ်လောက်က. . .

ဦးမြင့်နွယ်သည် ထိုင်ရာမှာ ရုပ်ချည်းထလိုက်သည်။

အပေါ်ထပ်ဆီတက်ခဲ့ပြီး လေ့ကျင့်ရန်သုံးသော ဂေါက်သီးဟောင်းများ ထည့်ထားသည့် အိတ်ကိုယူသည်။ ဝက်ချံခေါ် အမြောက်ရိုက်တုတ်တံကို ကိုင်သည်။

ထိုစဉ် အပြင်မှာ မိုးရွာချသည်။

ဂေါက်သီးအိတ်နှင့် တုတ်တံကို ချပြီး ဦးမြင့်နွယ်သည် ပြတင်းမှနေ၍ အပြင်သို့ လှမ်းကြည့်သည်။

မိုးက ဟုတ်တိပတ်တိ ရွာနေပါပကော. . .။

လေပြင်းပြင်းတိုက်သည်။ မိုး၏ ငွေမြားတံတို့က သည်းသည်းစောင်းစောင်း စွေကျနေသည်။

ခက်ရချည်ရဲ့၊ သည်ပုံဆို ခက်ရချည်ရဲ့၊ ဆောင်း၏ အလှတွေ ပျက်ရချည်ရဲ့။

အမှန်မှာ ဦးမြင့်နွယ် အစိုးရိမ်လွန်ခြင်းသာဖြစ်သည်။

ဆောင်း၏ အလှသည် ကပိုကရိုလေးဖြစ်သွားသည်ဟုမူ ဆိုနိုင်မည်ထင်သည်။ ဩော်. . . ကပိုကရိုဟူသည် မျိုးကလည်း တစ်မျိုးယဉ်သည်။

မိုးသည် ကြာရှည်မစွေနိုင်။ ဆောင်းကလျာကို ကပိုကရိုဖြစ်ရုံ ကျီစယ်ပြီး ရပ်သွားသည်။

မိုးတိတ်အသွားတွင် နေ၏ ရွှေခြည်နုနု ပြန်ပေါ်လာသည်။ မြက်ခင်းနှင့် သစ်ရွက်တို့ထက် တင်ကျန်ရစ်သော မိုးစက်မိုးပေါက်တို့က စိန်ပွင့်စိန်မှုန်လို ဝင်းဝင်းလက်နေကြသည်။

တိမ်တစ်သိုက်က ရှမ်းရိုးမကို ကျော်နေကြသည်။ တိမ်ထုဆီမှာ နဂါးငွေ့ပမာ ဖြူဖြူတန်းသည် တွဲရွှဲခိုပါသွား၏။

မြေပြင်မှာ နှင်းလွှာသည် ပြာရာမှ ဖြူလာ၏။ နှင်းလွှာဖြူဖြူနှင့် တိမ်နဂါးငွေ့တို့ ရောယှက်ကုန်သည်။

ဆောင်းနှင့်နွေ ရောယှက်ပုံအလှကို ဖွဲ့ဆိုကြသည့် စာအများကို တွေ့ဖူးသည်။ နွေရာသီလည်း မပီတတ်သေး၊ ဝိုးဝါး ထွေး၍၊ သည်စာက တစ်ခု။

ဆောင်းနှင့်နွေလျှင်၊ ခွဲဝေခြမ်းကြ၊ ဝိုးဝါးမျှ၍၊ သည်အဖွဲ့က တစ်မျိုး။

မိုးနှင့်ဆောင်း ရောယှက်ပုံကိုတော့ မစပ်ကြလေဘူးလော။

ဦးမြင့်နွယ်သည် တုန်လှုပ်ချောက်ချားသွားသည်။

မိမိကိုယ်မိမိ သူတကာထက်တော့ ပိုသိသည်ဟု ထင်မိသည်။ မိမိကိုယ်မိမိ လှည့်စားထားခြင်း တစ်စုံတစ်ရာ မရှိဟုလည်း ယုံကြည်ထားသည်။ မိမိက စိတ်ပညာဆရာမဟုတ်လား။

ဘဝဟူသည် ဟောသည်ရာသီလိုပင် ရောရော ထွေးထွေးလေး။ ပစ္စုပ္ပန်စိတ်ရောဂါဘဝမှာ အတိတ်မှ အမှတ်အသားတွေ၊ အစွဲအလမ်းတွေက ဝေဝေဝါးဝါး ရောရောထွေးထွေး ပါဝင်နေကြသည်။

အချို့အမှတ်အသား၊ အချို့အစွဲအလမ်းတွေက သာယာဖွယ်တွေ၊ ကြည်နူးဖွယ်တွေ။ အချို့အမှတ်အသား၊ အချို့အစွဲအလမ်းတွေက ရင်နာဖွယ်တွေ၊ အသည်းနင့်ဖွယ်တွေ။ ရင်နာဖွယ်တွေ၊ အသည်းနင့် ဖွယ်တွေကို တနုံ့နုံ့မွေးမြူသိမ်းပိုက်ထားပြန်တော့ စိတ်ကျန်းမာရေး မခိုင်လှ၊ အတ္တ-ကရုဏာရှင် ရောဂါသည်။ မမေ့နိုင်သည်ကို ဇွတ်ဖုံးဖျောက်ကွယ်ထားပြန်တော့ စိတ်ဒဏ်ဖြေထားသည့် လှည့်စားသူ၊ ရောဂါမြဲသည့် ဝေဒနာရှင်။

မိမိကိုယ်မိမိ လှည့်စားထားသူတစ်ဦး မဟုတ်ဟု အခုတင် အခိုက်အတန့်လေးအထိ ယုံကြည်ထားသည်။

ဘယ့်နှယ် မိုးနှင့်ဆောင်း ရောပုံအလှ စာလေးတွေကို ဘာကြောင့် အမှတ်မရတော့တာလဲ။ တစ်ကြိမ်တုန်းက ခုံခုံမင်မင် မြတ်မြတ်နိုးနိုး ရွတ်ခဲ့မိဖူးလျက်နှင့် ယခု မေ့နေရသလဲ။

ဟင့်အင်း . . . မမေ့ပါ။ မမေ့တော့ပါ။

ဟံသာဝတီခေတ် စာဆိုရှင် သျှင်ဓမ္မဓဇ၏ စာပါလေ. . . .။ ဘာတဲ့ . . . .

လွမ်းလျက်နေရာ၊ ရွာလသည်လည်း
ထွေလည်မောစွ၊ ရီရောပြိုးပြွမ်း
မိုးချမ်းခါလု၊ ရတုဝဿ
ဟေမာန်လဝယ်၊ ကျတဝေဝေ
စွေတမှေးမှေး၊ သေးတဖွဲဖွဲ
လွမ်းဆေးကြဲ၍. . .။

ဩော်. . . အဲသည်တုန်းက ခုလိုပင် ဆောင်းနှင့်မိုးနှင့်။ ခုလို တန်ဆောင်မုန်းတော့မဟုတ်။ နတ်တော်လ၊ သဇင်တွေ ပွင့်တတ်သည့် နတ်တော်လပါ. . . .။

ကြံကြံဖန်ဖန် နတ်တော်လကြီးမှာ မိုးနှောင့်နေသည်။ ကြံကြံဖန်ဖန် 'စင်သီယာ'နှင့် မိမိဆုံတွေ့ခဲ့ရသည်။

သူ့နာမည်က စင်သီယာတဲ့၊ ကိုယ့်နာမည်က. . . . အင်းလေ. . . ကိုယ့် 'ဘွဲ့'ကတော့ . . . .

ပုသိမ်မြို့နှင့် ဓားလွယ်ခုတ် တစ်ဖက်ကမ်းရှိ ကမ်းနီကျောင်းအနီး စေတီအိုကြီးတစ်ဆူ၏ ခြေတော်ရင်းတွင် ရှင်ပညာသာမိက မျက်စိမှိတ်လျက် အဓိဋ္ဌာန်ပုတီးစိပ်နေသည်။

ဝဝန်မြစ်အတွင်း မောင်းနှင်သွားကြသော မော်တော်စက်သံတို့ကို တစ်ချီတစ်ချီ ကြားရသည်။ စောစောက မိုးတစ်ဖြောက် နှစ်ဖြောက်ပင် ကိုယ်ပေါ်သို့ ကျလိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် ရှင်ပညာသာမိက မျက်လုံးများကိုမဖွင့်။ ပုတီးစိပ်နေသော လက်များမှတစ်ပါး ကိုယ်တစ်ခုလုံးကို မလှုပ်။

စိပ်နေရသည်က 'ဂုဏ်တော်ကွန်ချာ' ဂုဏ်တော်ကိုးပါးကို အနုလောမ ပဋိလောမ အပြန်ပြန်အလှန်လှန် မမှားအောင် စိပ်ရသည်မို့ အာရုံကို ဘေးမလွင့်အောင် ကြီးစွာသောသတိနှင့် ထိန်းထားရသည်။

"အရဟံ-အရဟံ၊ အရဟံ-သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ-အရဟံ၊ အရဟံ-သမ္မာသမ္ဗုဒ္ဓေါ-ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

ရှင်ပညာသာမိသည် လေသံဖြင့် နှုတ်မှလည်း ရွတ်နေ၏။

မော်တော်ဘုတ်သံတစ်ခု ပေါ်လာပြန်၏။ အစက တော့ တိုးတိုး၊ တစ်စတစ်စနှင့် ကျယ်လာသည်။ ကြားခဲ့ပြီးသော အခြားမော်တော်သံများထက် ကျယ်သည်။ သည်ဘက်ကမ်းက ကပ်၍ ခုတ်မောင်းသလော။ သည်ဘက် ကမ်းမှာက ဝဲရှိသဖြင့် မော်တော်တို့ ကပ်၍ခုတ်မောင်းခဲသား။

ရှင်ပညာသာမိသည် လွင့်သွားသော အာရုံကို ပြန်ဆွဲယူရပြန်သည်။

ဆရာတော်ဘုရားက သင်ကြားထားသည်။ ဘာဝနာမှာ ခရီးရောက်ဖို့ သမာဓိလိုသည်။ သမာဓိ ထူထောင်နိုင်ဖို့က တေက္ကဒါရမှ ဖြစ်သည်။ တေက္ကဒါရဆိုသည်က စိတ်ကိုအာရုံတစ်ခုတည်းမှာ စိုက်ထားခြင်းဖြစ်သည်။ ပုထုဇဉ်၏စိတ်က စက္ကန့်မပြတ် ပြေးလွှားနေသည်။ သည်အာရုံမှ ထိုအာရုံ၊ ထိုအာရုံမှ ဟောဟိုအာရုံဆီ၊ နားနေသည်၊ ငြိမ်နေသည်မရှိ။ ဘာဝနာ လုပ်စမှာ သံသရာတစ်လျှောက်လုံး အလိုလိုက်ထားသောစိတ်သည် ထိန်းနေသည့်ကြားမှ ဟိုပြေးသည်ပြေး လုပ်ဦးမည်။ ပြေးပါစေ. . . သတိရလျှင် ပြန်ဆွဲခေါ်ပါ။ ယင်းဝီရိယ ကုသိုလ်သည်ပင် ကြီးလှချေ၏။

ရှင်ပညာသာမိက စိတ်ကို မြတ်စွာဘုရား၏ ဂုဏ်တော်များ၌သာ ပြန်ကျက်စားစေပြန်သည်။

(ဆက်လက်ဖော်ပြပါမည်)

အနာဂတ်ကို အကောင်းဆုံး ဖန်တီးလိုသူများအတွက်

- ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများမှ ဘွဲ့ကို အချိန်တိုအတွင်း ရယူလိုပါသလား?
- ရာနှုန်းပြည့် ပညာသင်ဆုနှင့်အတူ 95% အလုပ်ရလိုပါသလား?
- ABE/ LCCI (III) / HND အောင်မြင်ထားသူများအတွက် Bachelor တိုက်ရိုက်ဝင်ခွင့်ရလိုပါသလား ?
- နိုင်ငံတကာ အသိအမှတ်ပြုဆေးကျောင်းတက်ခွင့် ရလိုပါသလား?
- A.GTI / B -Tech အောင်မြင်ထားသူများ အချိန်တိုအတွင်း BE (Hons) ဘွဲ့ရယူလိုပါသလား ?
- Poly ဝင်ခွင့်မရရှိသူများအတွက် အခြားအခွင့်အလမ်းများ ရယူလိုပါသလား?
- နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ကို ပြည်တွင်းတွင် Internship နှင့်အတူ သင်ကြားလိုပါသလား?
- IDCS/ IADCS အောင်မြင်ထားသူများ အချိန်တိုအတွင်း Bachelor ရယူလိုပါသလား?
- Medical Field မှ Bachelor ပြီးထားသူများ Master ဘွဲ့ကို ရယူလိုပါသလား?
- တက္ကသိုလ်ဝင်တန်း နှင့် IGCSE အောင်မြင်ထားသူများ မိမိ၏ Result နှင့် ကိုက်ညီသည့် နိုင်ငံတကာတက္ကသိုလ်များကို တစ်နေရာတည်း၌ ရှာဖွေခွင့် ရယူလိုပါသလား?

SR နိုင်ငံတကာပညာရေးပြပွဲကြီး

Yangon
22 Feb (Friday)
1:00 pm to 4:00 pm
Summit Parkview Hotel

Mandalay
23 Feb (Saturday)
2:00 pm to 5:00 pm
Mandalay Swan Hotel

Pyin Oo Lwin
24 Feb (Sunday)
10:00 am to 12:00 noon
Pearl Hall (ပုလဲခန်းမ)

* ပြပွဲနေ့တွင် ကျောင်းအပ်သူများအတွက်
- Free Air Ticket + Medical Check-up
- Free English 4 Skills Preparation
- Free ipad
များပေးအပ်သွားမည်။

SR WORLDWIDE EDUCATION
STUDENT ADVISORY & STUDY TOUR SERVICES

Building (20/B), Room (101), 1st Floor, Yaw Min Gyi Street, Dagon Township, Yangon.
www.sr-education.com
www.facebook.com/srworldwideeducation
Call us : 01-246188, 387022, 0954288488, 095438848

(21-2)17.pmd 1 2/19/2013, 9:29 PM

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်းဒါယိကာမကြီး**
## ဒေါ်ခင်အေးသန်း အသက်(၈၉)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့် ဇနီး ဒေါက်တာတင်နွယ်ဝေတို့၏မိခင်ဖြစ်သူ ရဟန်းဒါယိကာမကြီး ဒေါ်ခင်အေးသန်း အသက်(၈၉)နှစ်သည် ၁၈-၂-၂၀၁၃(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယဝန်ကြီး ဦးဟံစိန်နှင့် ဇနီး ဒေါ်နုနုထွေး**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွဲ့ဝင်း အသက်(၇၆)နှစ်
**B.A (Ed), B.Ed**
**မော်လမြိုင် မော်တင်လိနီးဂျပ်ဆင်ကျောင်းသူဟောင်း**
**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်**
**အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

ချစ်သောညီမငယ် ဥမ္မာသိန်း၏မိခင် ဒေါ်ခင်နွဲ့ဝင်းသည် ၁၉-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မဒေါ၊ မဇင်၊ မေကြည်၊ သီတာချိုဝင်း၊ မသီ၊မယဉ်ငွေး၊ ယမုန်၊ မပေါက်၊ သီတာအေး၊ သီတာသန်း၊ ပုလဲ၊ ဝါဝါ၊ စန္ဒာအေး**

## ဒေါ်မဥ္ဇူလှိုင်မင်း (၃၁)နှစ်
**ကျောင်းအုပ်ဆရာမကြီး**
**လေးအိမ်ကျေးရွာ မူလတန်းကျောင်း၊ တွံတေးမြို့နယ်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့ကဒဲ့ကျေးရွာနေ (ဦးစိန်ငုံ-ဒေါ်မြအေး)၊ ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးမြို့နယ်၊ ကံလှကျေးရွာနေ (ဦးဝိုင်း-ဒေါ်သောင်း)တို့၏မြေး၊ ဦးလွန်းမောင်-(ဒေါ်နှင်းဆီ)၊ (ဦးဘိုကေ)-ဒေါ်မမိုး၊ ဦးခင်အောင်-ဒေါ်နှင်းကြည်၊ ဦးစိန်မြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးတင်မြင့်-ဒေါ်ညို ညိုဝင်း၊ ဦးတင်လှိုင်-ဒေါ်သန်းသန်းမြင့်၊ (ဦးအောင်ထွန်း)-ဒေါ်ယဉ်ကြည်၊ ဦးတင် မြိုင်-ဒေါ်ပပဝင်း၊ ဦးကျော်ဝင်းတင်-ဒေါ်ခင်ဝင်းရီ၊ ဦးစိန်ဝင်းတင်-ဒေါ်စန်းစန်းမြင့်တို့၏တူမ၊ ကိုဝဏ္ဏလှိုင်မင်း (စီးပွား/ ကူးသန်းဝန်ကြီးရုံး)-မသန္တာစိုး တို့၏ညီမ၊ မောင်ရဲထွန်းလှိုင်မင်း (M.E.C တန်း၃၆၀)၏အစ်မ၊ မောင်ဉာဏ်ပြည့်ဟိဏ်း - မစုပြည့်လှိုင်မင်းတို့၏ အန်တီ၊ ဦးစိန်လေး-ဒေါ်စန်းစန်းတို့၏ ချစ်လှစွာသော သမီးသည် ၁၆-၂-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကံလှကျေးရွာသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၂-၂၀၁၃(တနင်္ဂနွေ နေ့) နံနက်ပိုင်းတွင် အမှတ်(၁၉)၊ ကံလှကျေးရွာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝေဖြိုး (၄၂)နှစ်
**AB, CDC No-24013**
**Skyline Co., Ltd. JSM International Co., Ltd.**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ဈေးကြီးလမ်း၊ ဝင်းဂေဟာနေ (ဦးပါ-ဒေါ်ခင်ဝင်း)တို့၏မြေး၊ ဦးအေးကျော်-ဒေါ်ခင်သိန်းဝင်း (ငွေစက္ကူပုံနှိပ်တိုက်)၊ ဦးသန်းထွန်းအောင်၊ ဒေါ်ခင်အေးလွင် (Universe Marine Co., Ltd.)၊ (ဦးဇော်ဝင်း)-ဒေါ်ငွေငွေဝင်း (တောင်ကြီး)၊ ဦးအောင်ဝင်း (JSM Co., Ltd.)-ဒေါ်ခင်ဝေမာ၊ ဦးသန်းနိုင်-ဒေါ်ခင်ဆွေသန်းတို့၏ချစ်လှစွာသောတူ၊ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏ ချစ်လှစွာသောသား၊ ကိုခိုင်ဇော်-မနန်းသင်းမော်ဦး၊ မအိအိဇော်၊ မခွာညိုဇော်၊ မောင်အာကာဇော်၊ ကိုဇေယျာဆယ်-မမြတ်မြတ်ဆု၊ ကိုအုပ်ကျော်ဇင်-မနန်းပြည့်ဖြိုးဟန်၊ မဝတ်ရည်သန်း၊ ကိုချမ်းအေးကို-မထက်ထက်အောင်၊ မသက်ဦးထက်၊ မောင်ဝေဇော်အောင်တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးဝေဖြိုးသည် ၂၀-၂-၂၀၁၃ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝေဖြိုး(ခ)ဦးဝေလွင်ဇော်
**AB, CDC No-24013**
**Sky Line Co., Ltd.**
**JSM-International Co., Ltd.**
## အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၆၀)၊ အိုးဘိုလမ်းနေ ဦးကြင်သိန်း-ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏ သား၊ မောင်ကျော်သူရသိန်း- မဝင့်သန္တာဦးတို့၏အစ်ကိုကြီး၊ မဇင်သီတာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးဝေဖြိုးသည် ၂၀-၂-၂၀၁၃ရက် နံနက် ၀၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်
ကယ်ပါ

## ဒေါ်တင်နွယ် (၇၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁၉)လမ်း(အလယ်)၊ အမှတ် (၁၈၈)၊ မြေညီ(ဝဲ)နေ (ဦးဘဝင်း-ဒေါ်လှညွန့်)တို့၏သမီး၊ ဦးစိန်လှိုင်၏ ချစ်လှစွာသောဇနီး၊ (ဦးသန်းဦး-ဒေါ်လှရင်)တို့၏ညီမ၊ ဦးမြင့်သိန်း-ဒေါ်ခင်သန်းကြွယ်၊ ဦးကျော်မြင့်-ဒေါ်ခင်လှဝင်း၊ (ပန်းချီ ဦးမောင်မောင်သိုက်-ဒေါ်မာချို)တို့၏အစ်မကြီး ဒေါ်တင်နွယ်သည် ၁၉-၂-၂၀၁၃ (အင်္ဂါနေ့) ညနေ ၃း၃၅နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
## ဦးဖေသိန်း
## အသက် (၇၈)နှစ်
**ဌာနခွဲစာရေးကြီး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ် (၉၄၀) ဦးဖေသိန်းသည် ၁၈-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ရဟန်းဒါယကာကြီး**
## ဦးသန်းထွန်း(စစ်ကွင်း)
## အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့၊ တိုက်ကျောင်းလမ်းနေ (ဦးကောက်စိန်-ဒေါ်မြကြည်)တို့၏သား၊ ပေပင်တန်းကျေးရွာနေ (ဦးသန်းတင်)-ဒေါ်ခင်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ်(၄)၊ လေးလွှာနေ ဒေါ်လှဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးသန့်-မဇာလီဝင်းထွန်းတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းထွန်းသည် ၁၉-၂-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၂-၂၀၁၃(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဦးသောင်းရွှေ
**(အကျဉ်းဦးစီးဌာန-ငြိမ်း)**
## အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၃)လမ်း၊ အမှတ်(၁၂/A)၊ ငါးလွှာနေ(ဦးထွန်းလင်း-ဒေါ်သဲမေ)တို့၏သား၊ ဦးကျော်ခိုင်-ဒေါ်ခင်သန်းမြင့်၊ ဦးချစ်လှိုင်-ဒေါ်ခင်လှမြင့်၊ ဦးဂျော်နီ၊ ဦးတင်ထွန်း-ဒေါ်အေးဟန်၊ ဦးမောင်မောင်ရွှေ ဒေါ်မီမီရွှေ ဦးတင်ဇော်-ဒေါ်သဇင်မော်တို့၏ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ ဒေါ်ကြည်ကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးကျော်သောင်း (၈၇)နှစ်
**ရုံးအုပ်ကြီး(အငြိမ်းစား/စီမံ)ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး(ရုံးချုပ်)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၃၅)၊ လေးလွှာ (ခ)နေ (ဦးခန့်-ဒေါ်သန့်)တို့၏သားကြီး၊ (ဒေါ်နွယ်နွယ်အေး)၏ခင်ပွန်း၊ ဦးဝင်းတင်-ဒေါ်ဥမ္မာကျော်၊ ဦးမင်းဆွေအောင်၊ ဒေါ်သီတာနွယ်၊ ဒေါက်တာကောင်းမြတ်သန်း-ဒေါ်နီလာနွယ်တို့၏ဖခင်၊ မမြတ်ယုဇင်၊ မောင်ဖွဲ့မာန်ဝင်း (GTC-သန်လျင်)၊ မမြတ်ယုသွင်၊ မငွေလဝန်းတို့၏ အဘိုးသည် ၁၈-၂-၂၀၁၃ ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်အက်(စ်)ဒွယ်ထန်
## အသက်(၆၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ ဟင်ဗုတ်ကျေးရွာနေ ဦးစွန်လွတ်တူး-ဒေါ်ဝဂျယ်လုတို့၏သမီးထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ်(၅၀)နေ ဦးကျော်စွာ- ဒေါ်နန်ဂရောင်တို့၏ သမီးချွေးမ၊ စောလေးရှာတော-ဒေါက်တာအယ်(လ်)ဂျာအိန်၊ မောင်အယ်(လ်)ဇော်ခွန်၊ မအယ်(လ်)ဂျာထွယ်ဆန်တို့၏ မွေးသမိခင်၊ ဦးကျော်ဦး၏ဇနီး ဒေါ်အက်(စ်)ဒွယ်ထန်သည် ၁၉-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော် ဝတ်ပြုကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ [နေအိမ်နှင့် မြောက်ဥက္ကလာ နှစ်ခြင်းအသင်းတော်၊ စမ်းချောင်း ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၊ အမှတ် (၄၀/B)၊ ရွှေပြည်အေးလမ်း၊ ရန်ကုန်မြို့မှ ကားများ နံနက် ၇း၄၅နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးဝေဖြိုး(ခ)ဦးဝေလွင်ဇော်
## အသက်(၄၂)နှစ်
**AB, CDC No-24013**
**JSM-Int'l Co., Ltd.**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ဈေးကြီးလမ်းနေ (ဦးပါ-ဒေါ်ခင်ဝင်း)၊ သက်န်းပရိက္ခရာကုန်သည်ကြီး (ဦးကျော်ရွှေ-ဒေါ်သန်းအေး)တို့၏မြေးဦး၊ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏သားကြီး၊ ဦးကြင်သိန်း-ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊ (ဦးသန်းဝင်း)၊ ဒေါ်ခင်စုစုကျော် (ကြည့်ညဈေးသက်န်းဆိုင်)၏တူလေး၊ မောင်ဉာဏ်ထွန်း-မမေအုန်းဇော်၊ မခင်ဆွေမြင့်ဇော်(ခ)ဆုံဆုံ(ဦးစီးမှူး၊ မြို့ပြ၊ အမှတ်-၃၊ တည်ဆောက်ရေး၊ ရေအားလျှပ်စစ်၊ တောင်ငူ)၊ မောင်ခူဝံကို-မသန့်သန့်စုကျော် (ခေတ္တ-စင်ကာပူ)၊ ဒုရဲအုပ်အောင်သီဟကျော်- မစိုးယုယုအေး (မုဒုံပြည်သူ့ရဲစခန်း)၊ မအိမြတ်နိုးကျော်တို့၏အစ်ကိုကြီး၊ မဇင်သီတာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏ ကျေးဇူးရှင်ဖခင် ဦးဝေဖြိုးသည် ၂၀-၂-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်ကြည် အသက်(၇၀)
**သမ ဦးစီးမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၆)လမ်း၊ အမှတ်(၄၅၅)နေ (ဦးဖိုးဖေ-ဒေါ်ဖွားရှင်)တို့၏ သမီး၊ (ဦးသိန်းမောင်-ဒေါ်ခင်ထိုက်)တို့၏သမီးချွေးမ၊ ဆရာဦးအေးလှိုင်(ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ (မအိအိလှိုင်)၊ မောင်သန်းထွဋ်လှိုင်-မအေးနီလာ (လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန)၊ မောင်သိုက်ဇော်ဝင်း-မမိမိလှိုင်၊ မောင်အောင်စည်သူ၊ မသက်သက်လှိုင်တို့၏မွေးသမိခင်၊ မောင်သော်ဟိန်းနိုင်ဦး၊ မဖြူငြိမ်းသွယ်၊ မောင်အောင်သူရလှိုင်၊ မောင်စွမ်းရည်လင်း၊ မမေသော်တာထွဋ်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ကြည်ကြည်သည် ၂၀-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာကျော်သီဟ (၆၅)နှစ်
**ဆေးရုံအုပ်(ငြိမ်း)**

ရန်ကုန်မြို့နေ ဦးညီ-ဒေါ်တင်ရီတို့၏သား၊ ပဲခူးမြို့နေ ဦးထွန်းလှိုင်-ဒေါ်မြင့်စိန်တို့၏ သားသမက်၊ ပဲခူးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း(လမ်းမတန်း)၊ အမှတ် (၈/၃၄၇-ဒီ)၊ စကားဝါဆေးခန်းနေ မောင်ကျော်ထက်ဟိန်း(ရေကြောင်းသိပ္ပံ)၊ မောင်ကောင်းမြတ်ဇော် (Grade-10-A၊ အထက-၅၊ ပဲခူး)တို့၏ ဖခင်၊ ဒေါ်သီတာဦး၏ခင်ပွန်း၊ ဒေါက်တာကျော်သီဟ (ဆေးရုံအုပ်-ငြိမ်း)သည် ၁၉-၂-၂၀၁၃ရက်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် နယူးဒေလီ၌ပင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းဝင်း(ခ)ပင်ကီ အသက်(၆၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄)လမ်း(သော်မဆင်)၊ အမှတ် (၆၃/၆၅)၊ အပေါ်ထပ်နေ (ဦးမောင်မောင်လေး-ဒေါ်အမာရီ)တို့၏သမီး၊ (ဦးခင်မောင်ညွန့်-ဒေါ်ရင်နု)တို့၏သမီးချွေးမ၊ ဦးမျိုးဆင့်(ခ)မျိုးဆင့်ညွှန့် (လ/ထ အကခမှူး)၏ဇနီး၊ (ဦးရဲမြင့်)-ဒေါ်သန်းသန်းနွဲ့၊ ဦးမျိုးဝင်းညွန့်-ဒေါ်ခင်ဆွေဝင်း၊ ဦးခင်အောင်ကျော်-ဒေါ်သွယ်သွယ်လေးတို့၏ညီမ/အစ်မ၊ ကိုဇာဏီ-မစန္ဒာ(ခ)မမေသူအောင်၊ မဇင်လဲ့မျိုး(ခ)Sweet တို့၏ ချစ်လှစွာသောမိခင်သည် ၁၉-၂-၂၀၁၃ (အင်္ဂါ နေ့) ညနေ ၆ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်လွင် (၅၉)နှစ်
**မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)**
**(ပ/၃၂၂၇)၊ အောင်ဆန်းအပတ်စဉ်(၁၂)**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ခင်မကန်ကျေးရွာနေ (ဦးဘုန်းကျော်-ဒေါ်ကြည်ခင်)တို့၏သား၊ (ဦးဘိုဟိန်-ဒေါ်ညိုတုတ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၉၈)နေ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ မောင်ကိုကိုအောင်(ဦးစီးအရာရှိ၊ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး)၊ မောင်ညီညီအောင်၊ မောင်ဇာဏီဟိန်း၊ မောင်ငြိမ်းချမ်းဟိန်း၊ မောင်အောင်ဇင်ဟိန်း၊ မမို့မို့မြင့်လွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၀-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်နွယ် (၇၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁၉)လမ်း(အလယ်)၊ အမှတ် (၁၈၈) မြေညီ(ဝဲ)နေ (ဦးဘဝင်း-ဒေါ်လှညွန့်)တို့၏သမီး၊ ဦးစိန်လှိုင်၏ ချစ်လှစွာသောဇနီး၊ ဦးတင်ဝင်း-ဒေါ်အေးအေးသန့်၊ ဦးနိုင်လေး-ဒေါ်ရီရီစိန်၊ (ဦးဇော်ဇော်အောင်)-ဒေါ်ကေသီအောင်၊ ဦးရဲအောင်-ဒေါ်ဒီသက်စံ၊ ကိုကျော်အောင်တို့၏ချစ်လှစွာသောမွေးသမိခင်၊ မအေးမြတ်သူ၊ မောင်နေနိုင်၊ မောင်ပြည့်မှူးဇော်၊ မောင်ကောင်းဇော်၊ မောင်ဘုန်းမိုးဆက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်နွယ်သည် ၁၉-၂-၂၀၁၃ (အင်္ဂါနေ့) ညနေ ၃း၃၅နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**
## ဦးဝေဖြိုး(ခ)ဦးဝေလွင်ဇော်
## အသက်(၄၂)နှစ်
**AB, CDC No-24013**
**JSM, Skyline Co., Ltd.**
**International Co., Ltd.**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ်(၆၀)နေ ဦးကြင်သိန်း-ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊ မဇင်သီတာဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ကျော်သူရသိန်း-မဝင်းသန္တာဦးတို့၏အစ်ကို၊ မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏ ကျေးဇူးရှင်ဖခင် ဦးဝေဖြိုးသည် ၂၀-၂-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးကျော်ဝင်း (၇၁)နှစ်
**အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)**
**(ပျော်ဘွယ်)**

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်လုံရပ်ကွက်၊ နတ်မောက်လမ်းနေ ဒေါ်ကျင်အေး၏သားကြီး၊ဒေါ်တင်မြင့်၏ ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်ပုလဲ၊ ဦးဝင်းနိုင်၊ ဒေါက်တာဝင်းခိုင်-ဒေါ်ခင်စန်းဦးတို့၏ အစ်ကိုကြီး၊ ကိုသန်းဝင်း-မသဲသဲ၊ ကိုငြိမ်းချမ်းဝင်း-မအေးအေးသန့်၊ ကိုဖြိုးထက်ဝင်း-မဟေမာန်ကျော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၇-၂-၂၀၁၃(ကြာသပတေးနေ့) ည ၉ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၃ (သောကြာနေ့) ညနေ ၄ နာရီတွင် တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီခဲ့ကြသော ပျော်ဘွယ်မြို့မှ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ သားတပည့်အပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်အောင် (၄၄)နှစ်
**(မအူပင်)**
**AGTI(CIVIL) ၁၉၈၆**
**မော်လမြိုင်-အင်းစိန်**

ပြွန်တန်ဆာမြို့နေ (ဦးစိန်မောင်-ဒေါ်သိန်း)၊ မအူပင်မြို့နေ (ဦးစောမောင်-ဒေါ်တင်ကြွေ)တို့၏မြေး၊ အမှတ်(၁၉)၊ ဈေးလမ်း၊ (၃)ရပ်ကွက်၊ မအူပင်မြို့နေ ဦးတိုးမြင့်-ဒေါ်လှမြင့်တို့၏ သားကြီး၊ ဦးဖုန်းမြင့်အောင်-ဒေါ်ခိုင်ခိုင်မော်၊ (ဦးနိုင်ထွန်းအောင်)၊ ဦးကြည်လွင်-ဒေါ်မြတ်မြတ်အောင်၊ (ဦးမောင်မောင်အေး)-ဒေါ်ဥမ္မာမြင့်အောင်တို့၏ အစ်ကို၊ တူ၊တူမငါးယောက်တို့၏ ဘကြီးသည် ၂၀-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅ နာရီတွင် မအူပင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်မြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်မြင့်(ဆွဲတီအထက်တန်းဟင်းမွှေးမဆလာ)
## အသက်(၈၇)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၆၀)နေ (ဦးသိန်း-ဒေါ်ခင်စိန်)တို့၏သားကြီး၊ (ဒေါ်ရင်စိန်)၏ ခင်ပွန်း၊ ဒေါ်မြကြူ ဒေါ်ခင်အေးမူ ဦးမြင့်ဇော်၊ ဒေါ်နီနီဝင်း၊ ဒေါ်စိန်မမ၊ ဦးမြတ်ဇော်တို့၏မွေးသဖခင်၊ မြေး ၃၄ယောက်တို့၏ အဘိုး၊ မြစ် ၂၄ ယောက်တို့၏ဘိုးဘိုးသည် ၁၉-၂-၂၀၁၃(အင်္ဂါနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ မင်းတန်းရပ်နေအိမ်မှ ကန်ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဂရေစီ (၇၅)နှစ်
**(ထားဝယ်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘရန်-ဒေါ်ဖြူ)တို့၏သမီး၊ ဦးအေးချစ်- ဒေါ်ရင်ရင်လှ၊ ဦးချစ်မြ-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ ထားဝယ်မြို့နေ [ဦးသောင်းရှိန်(အမှတ်-၂ သတ္တုတွင်းဝန်ကြီးဌာန)]၏ဇနီး၊ထားဝယ်မြို့၊ အမှတ်(၂၉၈)၊ မြသန္တာလမ်း၊ ဆင်ပုနစ်ရပ်နေ ကိုဝင်းရှိန်-မဘီဘီသိန်း (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ မဝင်းဝင်းသောင်း [အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာန]၊ ကိုမြင့်ရှိန်-မဝါဝါမြင့် (အောင်ဟိန်းဗိုလ်ဝင်းကုမ္ပဏီ-ထားဝယ်)၊ ရန်ကုန်မြို့၊ အမှတ်(၉၂)၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်နေ မမြင့်မြင့်သောင်း(ဒဂုံအင်တာ နေရှင်နယ်လီမိတက်)တို့၏မိခင်၊ မောင်ကျော်မင်းသောင်း၊ မောင်ပြည့်ဖြိုးအောင်၊ မခိုင်နွယ်လင်း၊ မောင်မင်းခန့်နိုင်တို့၏အဘွား ဒေါ်မြင့်မြင့်ဝင်းသည် ၂၀-၂-၂၀၁၃ရက် နံနက် ၆နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၂၆-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၉၂)၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဲမှူးကိုကိုတင်(ငြိမ်း)(ကျောက်ဆည်)
**ဖောင်ကြီး၊ အပတ်စဉ်-၄၊ လ/၅၆၆၁၅**
## အသက်(၇၁)နှစ်

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ (ဦးဘသာ-ဒေါ်စိမ့်)တို့၏သား၊ ပင်တလည်ရွာနေ (ဦးဉာဏ်လွင်-ဒေါ်မိ)တို့၏သားသမက်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းမြောက်ပိုင်းရပ်၊ ဘောဂမြိုင်ဂေဟာနေ ဒေါ်ခင်မြမြ(အလပြ-ငြိမ်း)၏ခင်ပွန်း၊ ဦးခင်ဇော်လင်း-ဒေါ်ခင်ဆွေမျိုးတင်(ခရိုင်စိုက်ဘဏ်၊ မန်နေဂျာ၊ ရမည်းသင်း)၊ ဗိုလ်ကြီးသက်တင်ဦး(ငြိမ်း) (စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်မြတ်မြတ်စိုး၊ ဒေါက်တာတင်သက်ဝေဖုန်း(မေ့ဆေးဆရာဝန်၊ မန္တလေးဆေးရုံကြီး)-ဒေါ်မိမိစိုး(သူနာပြုဆရာမကြီး၊ ခုတင်-၃၀၀၊ မန္တလေး)၊ (ဦးတင်သက်ဇော်ထွေး)တို့၏ဖခင်၊ မောင်သျှံဟိန်း၊ စိုင်းဝေယံဖုန်း၊ မောင်ကျော်ဆွေလင်း၊ မသိင်္ဂီရွှေရည်တို့၏အဘိုးသည် ၁၉-၂-၂၀၁၃ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ကျောက်ဆည်မြို့၊ မင်းမွေးတောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှညွန့်(မူဆယ်) (၆၉)နှစ်
**(ဦးအုန်းစိန်ဆေးတိုက်)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၇)နေ တရုတ်တိုင်းရင်းသမားတော်ကြီး (ဦးအုန်းစိန်)၏ ဇနီး၊ အမေရိကန်နိုင်ငံနေ ဦးမြင့်မောင်-ဒေါ်စုစုလှိုင်၊ ဦးသန်းထွေး(ခ) Victor Kyu Kee Wong-ဒေါ်ကြည်ကြည်ဝင်း(ခ) Lily Lichuan wong၊ ဦးသက်လွင်(ခ)ကိုမိုး-ဒေါ်ကြည်ကြည်သင်း(ခ) ရွှေလီဝင်း၊ ရန်ကုန်မြို့နေ ဦးအုန်းခိုင်-ဒေါ်သန်းသန်းအေး၊ ဦးအုန်းနိုင်-ဒေါ်နီနီ (Toseva Timber Pte, Ltd.)တို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၉-၂-၂၀၁၃ (အင်္ဂါနေ့) ဒေသစံတော်ချိန် နံနက် ၄နာရီတွင် အမေရိကန်နိုင်ငံ California ပြည်နယ် Fremont မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၃(တနင်္လာနေ့)တွင် အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီလှိုင် (၆၁)နှစ်
**(ပုဇွန်တောင်၊ ရန်ကုန်)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၉၇/၁၀၃)၊ အခန်းအမှတ်(၃၀၅)နေ ဦးမောင်မောင်-ဒေါ်ခင်လှိုင်တို့၏သမီးကြီး၊ ဦးမျိုးတင့် (မန်နေဂျာ၊ K & L Co., Ltd.)-ဒေါ်လှရီ၊ ဒေါ်အေးအေးခင်၊ ဦးဇော်ဝင်း (MPE သယ်ပို့)-ဒေါ်အေးအေးမော်၊ ဦးဇော်မင်း(MPE သယ်ပို့)- ဒေါ်ခင်မာဝင်း၊ ဒေါ်သန်းသန်းငွေးတို့၏အစ်မကြီး၊ မမေသဥ္ဇာအောင်(KBZ Bank ဗိုလ်တထောင်)၊ ဒေါက်တာပြည့်စုံ (ဖေယျ-၃၇၊ ဖောင်ကြီး)၊ (မောင်ရန်ပိုင်မင်း)၊ မမြတ်ဖူးငုံခိုင် (KBZ Bank ဗိုလ်တထောင်)၊ မယဉ်မင်းဦး (E/UFL)၊ မသိမ့်သီရိဇော်(Grade-XI၊ အထက-၃၊ ဗိုလ်တထောင်)၊ မောင်ကျော်မြတ်သူ (Grade-XI၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ ကြီးကြီးသည် ၁၈-၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## မယုယုဝင်း (၃၂)နှစ်
**B.A(Eco)**

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၃၈၂)နေ (ဦးဘန်စိန်)-ဒေါ်သိန်းရှို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တောင်သာလမ်း၊ အမှတ်(၅၃၄)နေ ဦးတင်အေး-ဒေါ်အေးတို့၏မြေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁)နေ ဦးထိန်ဝင်း-ဒေါ်ခင်ဝင်းတို့၏သမီးကြီး၊ မသူဇာဝင်း၊ မောင်ဖြိုးကိုကို၊ မဟေမာန်ထွန်းတို့၏အစ်မ မယုယုဝင်းသည် ၂၀-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၃(အင်္ဂါနေ့) နံနက်ပိုင်းတွင် တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်တွင်းကုန်စျေးနှုန်းထိန်းသိမ်းဖို့ ဗဟိုဘဏ်ရဲ့ အခန်းကဏ္ဍဟာ အရေးကြီး

# ဘဏ်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များကို ပညာရှင်တွေနဲ့ ဖွဲ့စည်းသင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ အစည်းအဝေးတွင် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က အရေးကြီးအဆိုတစ်ရပ်တင်သွင်းခဲ့ရာ လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထိုသို့တင်သွင်းရာတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ခု၏ ဘတ်ဂျက်လျာထားငွေကို နှိုင်းယှဉ်ကြည့်ပါက အခြေခံပညာကဏ္ဍသည် အဆင့်မြင့်ပညာကဏ္ဍထက် လျော့နည်းသုံးစွဲရန် လျာထားသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီး၏ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များဝယ်ယူရန်အတွက် လျာထားငွေမှာ လွန်စွာများပြားနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အဆိုပါအသုံးစရိတ်များကို စိစစ်လျှော့ချနိုင်မည်ဆိုလျှင် ကျေးလက်ပြည်သူများ ငှားရမ်းခန့်ထားသည့် ဆရာ/ ဆရာမများအစား အစိုးရကခန့်ထားမည့် ဆရာ/ ဆရာမများအတွက် လစာစရိတ်များ သုံးစွဲနိုင်မည်ဖြစ်သည်ကို သုံးသပ်ရရှိပါကြောင်း၊ သို့ဖြစ်ရာ ဥပဓိရုပ်မကောင်းသော ကျောင်းများ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**



ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ


အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်ကြစို့ — စာမျက်နှာ - ၆

ကမ္ဘာ့တိုင်အောင်ကျော်ကြား မြန်မာ့သနပ်ခါး — စာမျက်နှာ - ၁၁

အမ်းမရိတ်မှာ ဂမ်းနားတွေရဲ့ မျှော်လင့်ချက်ကို ရိုက်ချိုးခဲ့တဲ့ ဘိုင်ယန်မြူးနစ် — စာမျက်နှာ - ၁၃


# အမှိုက်မှစွမ်းအင်ပြောင်းခြင်းကို ဂျပန်ကုမ္ပဏီတစ်ခုက စိတ်ဝင်စားကာ တင်ဒါဝင်ရန်စီစဉ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့မှ ထွက်သော အမှိုက်များကို နောက်ဆုံးစွန့်ပစ်ရာအမှိုက်ပုံတွင် အမှိုက်မှ စွမ်းအင်အဖြစ် ပြောင်းလဲလုပ်ဆောင်မှုကို ဂျပန်ကုမ္ပဏီတစ်ခုက စိတ်ဝင်စားကာ တင်ဒါဝင်ရန်စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက နောက်ဆုံးစွန့်ပစ်ရာအမှိုက်ပုံများတွင် အမှိုက်မှ မီသိန်းဓာတ်ငွေ့ထုတ်ကာ လျှပ်စစ်စွမ်းအင်အဖြစ်ပြောင်းရန်၊ စွန့်ပစ်အမှိုက်မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရန်၊ အမှိုက်မီးရှို့စက်တည်ထောင်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စသည့် နည်းလမ်းသုံးခုကို လုပ်ကိုင်နိုင်မည့် ပြည်တွင်းပြည်ပကုမ္ပဏီများကို တင်ဒါခေါ်ရာတွင် တတိယနည်းလမ်း ဖြစ်သော အမှိုက်မီးရှို့စက်တည်ထောင်ပြီး လျှပ်စစ်ဓာတ်အားထုတ်ရန် အဆိုပါဂျပန်ကုမ္ပဏီဖြစ်သော JFE Engineering Corporation က စိတ်ဝင်စားကာ တင်ဒါဝင်ရန်စီစဉ်နေကြခြင်းဖြစ်သည်ဟု သိရသည်။

ယခုလ ၂၈ ရက်တွင် တင်ဒါပိတ်မည်ဖြစ်ပြီး တင်ဒါဝင်သော ကုမ္ပဏီအရေအတွက် အခြေအနေနှင့် ပတ်ဝန်းကျင် **စာမျက်နှာ ၈ ကော်လံ ၆ သို့ ❁**

အမျိုးသားလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံးရည်မှန်းချက်ကိုသာ ရှေးရှုဆောင်ရွက် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးရှောင်ရှား



ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ယနေ့တွင်ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို အစီအစဉ် (၁၅)ခုဖြင့်ကျင်းပသည်။

အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SMEs များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကိုဆောလျင်စွာချမှတ်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံ၌ SMEs လုပ်ငန်းနှင့်ဆက်စပ်နေသော နိုင်ငံဝင်ငွေနှင့် အလုပ်သမားများအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) သို့ဝင်ရောက်လာသည့်အခါတွင် SMEs မူဝါဒမှာ လွန်စွာအရေးပါကြောင်း၊ မူဝါဒတွင် လိုအပ်သောရန်ပုံငွေ၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သားများရရှိရေး စသည်တို့ပါဝင်ကြပါကြောင်း၊ အနှစ်သာရအပြည့်အဝပါရှိသော SMEs မူဝါဒမှာလွန်စွာအရေးကြီးပါကြောင်း၊ ယင်းမူဝါဒအရ SMEs နှင့် လုပ်ငန်းကြီးများတို့ ချိတ်ဆက်ဆောင်ရွက်မှုပုံသဏ္ဌာန်ကို ထင်ထင်ရှားရှား လက်တွေ့ကျကျ ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်းဖြင့် တင်သွင်းသည်။ **စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖**


